မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်၊ ၂၀၀၈ခုနှစ်၊ ဖေဖော်ဝါရီ ၁၈ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၄၁)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နှစ်(၆၀)ပြည့် သံတမန်ဆက်သွယ်မှုအထိမ်းအမှတ်

မြန်မာနှင့်ရုရှား နိုင်ငံခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် နိုင်ငံခြားရေးဝန်ကြီးများအကြား သဝဏ်လွှာများအပြန်အလှန်ပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၈

၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့၏ သံတမန်ဆက်သွယ်သည့် နှစ်(၆၀)ပြည့်အထိမ်းအမှတ်အခါသမယ၌ နှစ်နိုင်ငံခေါင်းဆောင်များ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် နိုင်ငံခြားရေးဝန်ကြီးများအကြား သဝဏ်လွှာများ အပြန်အလှန်ပေးပို့ခဲ့ကြသည်။

အဆိုပါသဝဏ်လွှာများမှာ အောက်ပါအတိုင်းဖြစ်သည်–

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာဗလာဒီမာပူတင်ထံသို့ ပေးပို့သည့်သဝဏ်လွှာ–

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့ သံတမန်အဆက်အသွယ်ထူထောင်သည့် နှစ်(၆၀)ပြည့်မြောက်သည့် မင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် ရက်မြတ်အခါသမယတွင် အဆွေတော်ထံသို့လည်းကောင်း၊ အဆွေတော်မှတစ်ဆင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ပြည်သူအပေါင်းထံသို့လည်းကောင်း လှိုက်လှဲစွာနှုတ်ခွန်းဆက်သလျက် ဆုမွန်ကောင်းများ တောင်းလိုက်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာဗလာဒီမာပူတင်ထံမှ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ပေးပို့သည့်သဝဏ်လွှာ–

ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်တို့အကြား သံတမန်အဆက်အသွယ်ထူထောင်သည့် နှစ်(၆၀)ပြည့်အထိမ်းအမှတ်အခါသမယတွင် ဂုဏ်ယူဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါသည်။

နှစ်နိုင်ငံအကြား သံတမန်အဆက်အသွယ်ထူထောင်ခဲ့သည့် ဆယ်စုနှစ်ခြောက်ခုကာလအတွင်း မိမိတို့နှစ်နိုင်ငံဆက်ဆံရေးသည်

စာမျက်နှာ ၃ ကော်လံ ၄ ✻

ကြည့်ရှုစစ်ဆေး — နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် စစ်တွေလေဆိပ် လေယာဉ်ပြေးလမ်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်နယ်အတွင်းရှိသည့် သဘာဝအရင်းအမြစ်များနှင့် အစိုးရကဖန်တီးဖော်ဆောင်ပေးထားသည့် အခွင့်အလမ်းကောင်းများ ပေါင်းစပ်ပြီး ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၇

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၈ နာရီတွင် တပ်မတော်လေယာဉ်ဖြင့် နေပြည်တော်မှ ရခိုင်ပြည်နယ် စစ်တွေမြို့သို့ထွက်ခွာခဲ့ရာ နံနက် ၉ နာရီ ၁၅ မိနစ်တွင် စစ်တွေလေဆိပ်သို့ ရောက်ရှိသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❒

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်)

သဘာဝပတ်ဝန်းကျင်များ ရေရှည်တည်တံ့ရေး ပြည်သူများ ဆက်လက်ထိန်းသိမ်း စောင့်ရှောက်

မြန်မာနိုင်ငံသည် ဇီဝမျိုးစုံ မျိုးကွဲများစွာရှိသော နိုင်ငံဖြစ်သည်။

မြန်မာနိုင်ငံမြောက်ဖျားဒေသရှိ ရေခဲတောင်များ၊ အလယ်ပိုင်း ရိုးမသစ်တောများနှင့် တောင်ဘက် ပင်လယ်ဒေသများအထိ ဇီဝမျိုးစုံမျိုးကွဲများကို တွေ့ရှိနိုင်သည်။

နိုင်ငံ၏ တောတောင်ရေမြေ သဘာဝသစ်တောများ ဖြစ်တည်နေမှုသည် သားရဲတိရစ္ဆာန်၊ ငှက်များနှင့် ပန်းမျိုးစုံ၊ ရေထွက်သယံဇာတမျိုးစုံ ကြွယ်ဝမှုကို အထောက်အကူပြုလျက်ရှိသည်။ နိုင်ငံတစ်ဝန်း၌ သစ်တော၊ ရေမြေ၊ တွင်းထွက်သဘာဝသယံဇာတ အရင်းအမြစ်များကို စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်လျက် ရှိသည်။

ကမ္ဘာတစ်ဝန်း သစ်တော၊ သစ်ပင်များပြုန်းတီးလာသဖြင့် ရာသီဥတုမမျှမတ ဖြစ်လာသည့်အတွက် မြေဆီလွှာများ ခန်းခြောက်ခြင်း၊ မြစ်ချောင်းများ ရေလျော့ခြင်း၊ သဲကန္တာရ ဖြစ်ပေါ်လာခြင်း စသည့်သဘာဝဘေး အန္တရာယ်များ တွေ့ကြုံနေကြရသည်။

ယခုအခါ နိုင်ငံတော်က သစ်တောသစ်ပင်များ ရှင်သန်ဖြစ်ထွန်းရေးအတွက် ပြုစုထိန်းသိမ်းကာကွယ်လျက်ရှိရာ ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောနှင့် သဘာဝနယ်မြေဧရိယာ စတုရန်းမိုင် ခြောက်သောင်းကျော် ဖြစ်ထွန်းတည်ရှိနေပြီ ဖြစ်သည်။

ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးအပါအဝင် သစ်တောစိုက်ခင်းများကို တိုးချဲ့စိုက်ပျိုးတည်ထောင်ခြင်း၊ သဘာဝနယ်မြေများ၊ ဘေးမဲ့တောများ ထူထောင်ခြင်းတို့ကို ဖော်ဆောင်လျက်ရှိသည်။

အပူပိုင်းဒေသ ၁၃ ခရိုင်တွင်လည်း ဒေသစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ သစ်တောများ ရှင်သန်ဖြစ်ထွန်းနေပြီ ဖြစ်သည်။

သစ်တောထွက်ပစ္စည်းများ အလွန်အကျွံ ထုတ်ယူသုံးစွဲခြင်း၊ ပတ်ဝန်းကျင် ညစ်ညမ်းခြင်းတို့ကြောင့်လည်း ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့ရေး ထိခိုက်စေနိုင်သည်ကို သတိပြုဆင်ခြင်ကြရမည်ဖြစ်သည်။

သဘာဝသယံဇာတများသည် လူသားမျိုးဆက်များအတွက် အရေးပါလျက်ရှိရာ တိုင်းရင်းသားပြည်သူအားလုံးက သစ်တောသစ်ပင်များ၊ ရှားပါးတိရစ္ဆာန်များနှင့် ပန်းမန်များအား ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်များ ရေရှည်တည်တံ့စေရေး ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဇေယျဝတီဆရာတော်သစ္စာတရားဟောကြားမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် အမှတ် ၅ မေလလမ်း သစ်ဆိမ့်ကုန်းရပ်ရှိ မိုးကုတ်ဝိပဿနာ နီမွာန်ရွှေဂူတောရရိပ်သာ ပဓာနနာယက ဇေယျဝတီဆရာတော် ဘဒ္ဒန္တသောဘဏ(မွှာစရိယ၊ B.A)သည် မန္တလေးတိုင်း မိတ္ထီလာမြို့ ကန်ဦးရပ် ကြည်ကုန်းနယ်မြေကျောင်းသစ်ကျောင်း မိုးကုတ်ဝိပဿနာ မေမြရိပ်သာ အဖွဲ့ခွဲ အမှတ်(၁၂၉)၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ခုနစ်ရက် တရားစခန်းပွဲအဖြစ် တပို့တွဲလပြည့်ကျော် ၁၁ရက်မှ တပေါင်းလဆန်း၃ရက်၊ (မတ်၃ရက်မှ ၉ရက်) အထိ ကျင်းပမည့် တရားစခန်းပွဲကြီးတွင် ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ဥပဒေသအတိုင်း ဓမ္မဒါနရောက်ပဋ္ဌာန်းမှုဟဒ္ဓိန်နှင့် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

နတ်မောက်မြို့နယ်အသင်း သံဃမဟာနာယကဆရာတော်ကြီးများ ပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

နတ်မောက်မြို့နယ်အသင်း (ရန်ကုန်)က နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးငါးပါးနှင့် ရန်ကုန်မြို့ရှိ နတ်မောက်နယ်ဖွားကျောင်းထိုင် ဆရာတော်ကြီးများအား ပူဇော်ပွဲကို ဖေဖော်ဝါရီ၂၄ရက်(တနင်္ဂနွေ) နံနက်ခုနစ်နာရီခွဲတွင် ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်းနှင့် နတ်စင်လမ်းထောင့်ရှိ သာဓုဝရိယတွဲ့စာသင်တိုက် မွှာရုံကြီး၌ ကျင်းပမည်ဖြစ်သည်။ ပူဇော်ပွဲတွင် အသင်းနာယကများအား ကန်တော့ပွဲနှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်အသင်းသူ အသင်းသားများ၏ သားသမီးများအား ဂုဏ်ပြုပွဲကို ကျင်းပမည်ဖြစ်ရာ နတ်မောက်မြို့နယ် အသင်းသူအသင်းသားများနှင့် အသင်းဝင်မဟုတ်သော မြို့နယ်သူမြို့နယ်သားများ ကြွရောက်ကြည်ညိုကြရန် နိုးဆော်ထားသည်။ (က-ပ)

ရုပ်ရှင်အနုပညာနှင့် အတတ်ပညာသင်တန်းသားများအတွက် ပညာသင်ဆု

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ရုပ်ရှင်အနုပညာနှင့် အတတ်ပညာသင်တန်းများကို မတ်လဆန်းပိုင်းတွင် ဖွင့်လှစ်ရန် စီစဉ်ထားသည်။ သင်တန်းသို့ တက်ရောက်ရန် အခက်အခဲရှိသော ရုပ်ရှင်ဝါသနာရှင် လူငယ်မောင်မယ်ဝဉီး တို့အား ရွေးချယ်၍ ပညာသင်ဆုများကို ရွှေပုပ္ပားဦးအုံးခိုင်က ပေးအပ်မည် ဖြစ်ရာ သင်တန်းအတွက် ကုန်ကျစရိတ်များကိုပါ ကူညီ ထောက်ပံ့သွားမည် ဖြစ်သည်။ လျှောက်ထားသူများသည် ရုပ်ရှင်အစည်းအရုံးသို့ လျှောက်ထားခြင်း နှင့်အတူ ပညာသင်ဆုကိုပါ တစ်ပြိုင်တည်း လျှောက်ထားရမည်ဖြစ်သည်။

ပညာသင်ဆု လျှောက်ထားလိုသူများသည်ဦးအုံးခိုင်(ရွှေပုပ္ပား)စံကားဝါခန်းမ အမှတ်(၂) မိုးကောင်းလမ်း ရန်ကင်းမြို့နယ်သို့ ဖေဖော်ဝါရီ ၂၉ရက် နောက်ဆုံးထား၍ လူကိုယ်တိုင်လာရောက် လျှောက်ထားရမည် ဖြစ်သည်။ ပညာသင်ဆု ရွေးချယ်မှုကို မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့မှ လက်ထောက်ညွှန်ကြား ရေးမှူး(ငြိမ်း)ဦးအောင်ကြည်၊စာရေးဆရာအောင်ကြည်ညွှန့်(တက္ကသိုလ်)ဦးဆောင်သော ရွေးချယ်ရေးအဖွဲ့က စိစစ်ရွေးချယ်ပြီး ထောက်ပံ့မည်ဖြစ်သည်။(က-ပ)

မြဝတီရုပ်မြင်သံကြား

၁၈-၂-၂၀၀၈(တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုမှုသင်
၇:၄၅	၆။	မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အစီအစဉ်
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄:၂၀	၄။	ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄:၃၀	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၄၅	၆။	မျိုးချစ်တပ်မတော်
၄:၅၀	၇။	ကြည်နူးရွှင်မြူးတေးရေစီးကြောင်း
၅:၀၀	၈။	တက္ကသိုလ်ဝင်တန်းစာမေးပွဲ အထောက်အကူပြု သင်ခန်းစာ ပို့ချချက်(သင်္ချာ)
၅:၂၀	၉။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၅:၃၀	၁၀။	ပွဲစီးကျောက်ကြားတေးများ
၅:၄၅	၁၁။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။	နိုင်ငံတကာသတင်း
၆:၂၀	၁၄။	အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၅။	လျှပ်တစ်ပြက်
၇:၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ရာဇဝင်တွင်တဲ့သူ့ရဲ့ကောင်း (အပိုင်း-၃၈)
၈:၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	မေးမြန်းစုံစမ်း
	၂၁။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
	၂၂။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း သိမ်းငှက်သူ့ရဲ့ကောင်း (ဒုတိယတွဲ) (အပိုင်း-၃၃)

ဖေဖော်ဝါရီ ၂ ရက်ကပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့်ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း ဖွင့်လှစ်သော(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပေါင်းတလည်-ချောင်း ခေါင်း - သပြေတောင်ကျေး လက် မြေနီလမ်း ဖွင့်ပွဲ ကျင်းပရာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မိုးမြင့်အား ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးစိုးလွင်က အထိမ်းအမှတ်အလံငယ် ပေးအပ်စဉ်။ (မြို့နယ်စည်ပင်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈-၂-၂၀၀၈ (တနင်္လာနေ့)

AM&PM

၇:၀၀	၁:၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇:၀၅	၁:၀၅	ရတနာသုံးပါးအာရုံနှင့် တရားတော်(သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
၈:၁၀	၂:၁၀	Soccer Update
၈:၂၅	၂:၂၅	တေးဂီတအစီအစဉ်
၈:၃၀	၂:၃၀	စုပေါင်းအလှူကုသိုလ်ယူ မဟာဒုက်ဆွမ်း နိဗ္ဗာန်လုပ်း
၈:၅၅	၂:၅၅	သဘာဝကမ္ဘာလေးတဲ့ အကျိုးအာနိသင်
၉:၁၅	၃:၁၅	ပြည်တွင်းသတင်းအကျဉ်း
၉:၂၅	၃:၂၅	တေးဂီတအစီအစဉ်
၉:၃၀	၃:၃၀	ကာလချစ်သူတို့အတွက် ကားမိတ်ဆက် ကဏ္ဍ-၂
၉:၄၀	၃:၄၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၄၅	၃:၄၅	တေးဂီတအစီအစဉ်
၉:၅၀	၃:၅၀	MRTV-4 စာအုပ်စင်ကဏ္ဍ (စာရေးဆရာ ဝင်းသိန်းဦးနှင့် တွေ့ဆုံခြင်း)
၁၀:၁၀	၄:၁၀	မိုးလေဝသခန့်မှန်းချက်
၁၀:၁၅	၄:၁၅	တေးဂီတအစီအစဉ်
၁၀:၂၅	၄:၂၅	စီးပွားဖြစ် သစ်ခွ စိုက်ကြရအောင် (ဒီဗွီနိုတ်ဂါလိုနီနှင့် တွေ့ဆုံခြင်း)
၁၀:၄၀	၄:၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀:၅၀	၄:၅၀	တေးဂီတအစီအစဉ်
၁၀:၅၅	၄:၅၅	ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာဝါလိုင်နှင့် တွေ့ဆုံခြင်း)
၁၁:၂၀	၅:၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၂၅	၅:၂၅	ငွေကြေးကိစ္စမှန်သမျှ ဘဏ်ကိုသာ အားကိုးကြ (ခန့်စည်သူ၊ မြို့ငွေစိုး၊ မင်းရာဇာ၊ ပုလဲဝင်း၊ သစ်၊ ဖူးစုံ၊ အချိုင်း) ဒါရိုက်တာ-မြင့်စိုး (ဝ/သ)
၁၂:၀၀	၆:၀၀	MRTV-4 ကျန်းမာရေးကဏ္ဍ (လေးဖက်နာရောဂါနှင့် လေးဖက်နာ နှလုံးရောဂါ အကြောင်း) (ပါမောက္ခ ဦးလှမြင့်ထွန်းနှင့် တွေ့ဆုံခြင်း)
၁၂:၁၅	၆:၁၅	တေးဂီတအစီအစဉ်
၁၂:၂၀	၆:၂၀	ဘုံးခါးပေါ်မှ စိတ်ကူးလက်ရာ
၁၂:၂၅	၆:၂၅	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ အနုပညာကြယ်ပွင့်သစ် မေမွှားလာခြင်း
၁၂:၅၀	၆:၅၀	ထူးထူးခြားခြား ရာသီဥတုဖြစ်စဉ်များ
၁:၀၀	၇:၀၀	MRTV-4အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာများဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မိဘ ဦးစိန်မိုး-ဒေါ်အေးသာ အစ်မကြီးဒေါ်ကျင်လှ၊ အစ်ကိုကြီး ဦးတိဆိုင်၊ အစ်ကိုလေး ဦးကျင်ငှက်၊ မောင်ဦးချစ်လှိုင်နှင့်ဦးကျင် ဟိုတို့အား ရည်စူး၍ ဒေါ်ကျင်ရွှေက မိမိပိုင်ဆိုင်နေထိုင်ရာ အမှတ် (၇၉) ၁၆လမ်းလမ်းမတော် မြို့နယ်ရှိတိုက်ခန်း နှစ်ခန်းမြေနှင့်မြေပေါ်ရှိ အဆောက်အအုံနှင့် သက်ဆိုင်သော အကျိုးခံစားခွင့် အရပ်ရပ်ကို ရန်ကုန်တိုင်း ဗဟန်းမြို့နယ် စီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ အပိုင်ပေးကမ်းလှူဒါန်း စာချုပ်ပြုလုပ်၍ ရေစက်ချလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးသိန်းအောင် လက်ခံယူစဉ်။ (က-ပ)

■ ရှေ့ဖုံးမှ

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့သည် နှစ်နိုင်ငံသံတမန်စတင်ဆက်သွယ်ခဲ့သည့် ၁၉၄၈ခုနှစ်ကတည်းကစ၍ ချစ်ကြည်ရင်းနှီးမှုများကို စဉ်ဆက်မပြတ် ထိန်းသိမ်းခဲ့ကြပါသည်။ ကျွန်ုပ်တို့ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်မှုများသည် လွန်ခဲ့သောဆယ်စုနှစ် ခြောက်ခုကတည်းကပင် ဖြစ်ပေါ်ထွန်းကားလာပြီးဖြစ်သည်။

ယခု ထောင်စုနှစ်သစ်အတွင်းတွင် ကျွန်ုပ်တို့နှစ်နိုင်ငံအနေဖြင့် ရင်ဆိုင်စိန်ခေါ်မှုများစွာ ရှိနေပါသည်။ ထိုသို့ ကြုံတွေ့ရင်ဆိုင်ရမည့် စိန်ခေါ်မှုများအား အချင်းချင်းနားလည်မှု၊ ယုံကြည်စိတ်ချမှုနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှုစိတ်ထားဖြင့် နှစ်နိုင်ငံချင်းဖြစ်စေ၊ နိုင်ငံအများနှင့်ဖြစ်စေ လက်တွဲကြိုးပမ်းဆောင်ရွက်သွားရန် ကျွန်ုပ်တို့ အလေးအနက်ဆန္ဒရှိပါသည်။ ကျွန်ုပ်တို့နှစ်နိုင်ငံအတွက်သာမက ဒေသတစ်ခုလုံး၏ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို နှစ်နိုင်ငံ ပူးပေါင်းအားထုတ်မှုက အထောက်အကူဖြစ်လိမ့်မည်ဟု ကျွန်ုပ်တို့ယုံကြည်ပါသည်။

ဤအခါသမယတွင် အဆွေတော် ကျန်းမာစေရန်နှင့် အောင်မြင်စေရန်အတွက်လည်းကောင်း၊ ရုရှားနိုင်ငံ ဆက်လက်တိုးတက် သာယာဝပြောစေရန်အတွက်လည်းကောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဗစ်တာဇူးကော့ဗ်ထံသို့ ပေးပို့သည့်သဝဏ်လွှာ—

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့ သံတမန်အဆက်အသွယ် ထူထောင်သည့် နှစ်(၆၀)ပြည့်မြောက်သည့် နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရကိုယ်စား အဆွေတော်နှင့် အဆွေတော်မှတစ်ဆင့် ရုရှားနိုင်ငံအစိုးရထံသို့ လှိုက်လှဲစွာ နှုတ်ခွန်းဆက်သလျက် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

နှစ်နိုင်ငံ သံတမန်ဆက်သွယ်မှု စတင်ခဲ့ကြသော လွန်ခဲ့သည့်နှစ်(၆၀)ကာလမှ ယခုတိုင် အပြန်အလှန်နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို အခြေခံသောအစဉ်အလာအရ တည်မြဲခဲ့သည့် ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးကို ကျွန်ုပ်တို့ ထိန်းသိမ်းနိုင်ခဲ့ကြပါသည်။

နှစ်နိုင်ငံအကြား စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်မှုများနှင့် နှစ်နိုင်ငံခေါင်းဆောင်ကြီးများ အချင်းချင်းသာမက အဆင့်အသီးသီးရှိ အစိုးရအကြီးအကဲများအချင်းချင်း ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန် လည်ပတ်မှုတို့မှတစ်ဆင့် တည်ရှိပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ပိုမိုတိုးတက်ခိုင်မြဲလာစေရန်နှင့် အပြန်အလှန်အကျိုးတူကိစ္စရပ်များတွင် နှစ်ဦးနှစ်ဖက်အကျိုးနှင့် တန်းတူရည်တူရှိသောစိတ်ဓာတ်ဖြင့် ပိုမိုပူးပေါင်း ဆောင်ရွက်သွားနိုင်ရန်အတွက် မိမိတို့နှစ်နိုင်ငံအကြား ပိုမိုနီးကပ်စွာ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားရန် မျှော်လင့်ထားပါသည်။

ကျွန်ုပ်တို့နှစ်နိုင်ငံအကြားတွင် ပြုစုပျိုးထောင်ထားသည့် ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးကို နောင်လာမည့်နှစ်များတွင် ပိုမိုတိုးတက်ခိုင်မြဲအောင် ထိန်းသိမ်းသွားနိုင်လိမ့်မည်ဟု ကျွန်ုပ်တို့ အပြည့်အဝ ယုံကြည်ကြောင်း ဖော်ပြအပ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဆာဂီဗီ၊ လက်ဗရော့(ဗ်)ထံသို့ ပေးပို့သည့်သဝဏ်လွှာ—

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့၏ သံတမန်အဆက်အသွယ် ထူထောင်သည့်နှစ်(၆၀)ပြည့် မင်္ဂလာအခါသမယတွင် အဆွေတော်ထံသို့ ဆုမွန်ကောင်းများပို့သလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

လွန်ခဲ့သည့်နှစ်(၆၀)မှ စတင်တည်ရှိခဲ့သည့် နှစ်နိုင်ငံအကြား အပြန်အလှန်နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို အခြေခံသည့် ချစ်ကြည်ရင်းနှီးမှုတို့ကို နှစ်နိုင်ငံခေါင်းဆောင်အဆက်ဆက်တို့က ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ကြပါသည်။ ကျွန်ုပ်တို့၏ခေါင်းဆောင်ကြီးများက ချမှတ်ပေးခဲ့သည့် လက်ရှိချစ်ကြည်ရင်းနှီးသောဆက်ဆံရေးကို ဆက်လက်မြှင့်တင်သွားရန် အစွမ်းကုန် ကြိုးပမ်းအားထုတ်သွားရန်မှာ ကျွန်ုပ်တို့၏တာဝန်ပင်ဖြစ်ပါသည်။

ဤနှစ်(၆၀)ပြည့်မြောက်သည့် အခါသမယသည် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်လေးစားမှုနှင့် နားလည်မှုတို့အပေါ်အခြေခံ၍ လက်ရှိချစ်ကြည်ရင်းနှီးပြီး ပူးပေါင်းဆောင်ရွက်မှုရှိသည့် ဆက်ဆံရေးကို ပိုမိုမြင့်မားသော အနေအထားသို့ရောက်ရှိအောင် အရှိန်အဟုန်မြှင့်တင် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်လိမ့်မည်ဟု အပြည့်အဝ ယုံကြည်ပါသည်။

✻ ရှေ့ဖုံးမှ

စစ်မှန်သည့် ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်လေးစားမှုနှင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် တိုးတက်ကောင်းမွန်ခဲ့ပါသည်။ နှစ်နိုင်ငံအကြား ထိရောက်သော အပြန်အလှန် ထိတွေ့ဆက်ဆံမှုများသည် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်လာစေရေးအတွက်လည်းကောင်း၊ လူမျိုးပေါင်းစုံနေထိုင်ရာ မိမိတို့နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်မှုများ ပိုမိုတိုးတက်ဖြစ်ထွန်းလာစေရေးအတွက်လည်းကောင်း အခြေခံကောင်းများ ဖြစ်လာစေလိမ့်မည်ဟု မိမိယုံကြည်ပါသည်။

အဆွေတော် ကျန်းမာရွှင်လန်းစေရေးအတွက်လည်းကောင်း၊ မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်လျက်ရှိသည့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ အောင်မြင်စေရေးအတွက်လည်းကောင်း၊ မြန်မာပြည်သူပြည်သားများအားလုံး သာယာဝပြောစေရေးအတွက်လည်းကောင်း ဆုမွန်ကောင်းများ ပို့သလိုက်ပါသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဗစ်တာဇူးကော့ဗ်ထံမှ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံသို့ ပေးပို့သည့်သဝဏ်လွှာ—

ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်တို့အကြား သံတမန်အဆက်အသွယ် ထူထောင်သည့် နှစ်(၆၀)ပြည့်အထိမ်းအမှတ် အခါသမယအတွက် ဂုဏ်ယူဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သလိုက်ပါသည်။

မိမိတို့နှစ်နိုင်ငံအကြား နှစ်ပေါင်းများစွာကပင် တည်ရှိခဲ့ပြီး ရလဒ်ကောင်းများရရှိနေသည့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများအတွက် မိမိအနေဖြင့် များစွာနှစ်ထောင်းအားရဖြစ်မိပါသည်။ ရုရှားနှင့် မြန်မာအစိုးရတို့အနေဖြင့် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုတိုးချဲ့မြှင့်တင်သွားရန် ရည်မှန်းလျက် အထူးသဖြင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားနိုင်ရေးနှင့် ရုရှားပြည်သူများ၊ မြန်မာပြည်သူများ သာယာဝပြောစေရေးတို့အတွက် ပိုမိုနီးကပ်စွာ ထိတွေ့ဆက်ဆံမှုများ ဆက်လက်ပြုလုပ်သွားနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

အဆွေတော်ဝန်ကြီးချုပ် ကျန်းမာရွှင်လန်း ပျော်ရွှင်စေရန်နှင့် လုပ်ငန်းတာဝန်များ အောင်မြင်မှုရရှိစေရန် ဆုမွန်ကောင်းများ တောင်းလိုက်ပါသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဆာဂီဗီ၊ လက်ဗရော့(ဗ်)ထံမှ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းထံသို့ ပေးပို့သည့်သဝဏ်လွှာ—

ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်တို့အကြား သံတမန်အဆက်အသွယ် ထူထောင်သည့် နှစ်(၆၀)ပြည့် အထိမ်းအမှတ်အခါသမယတွင် မိမိအနေဖြင့် အဆွေတော်အား ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ခင်မင်ရင်းနှီးစွာဖြင့် ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

မိမိတို့နှစ်နိုင်ငံနှင့် ကမ္ဘာ့နိုင်ငံများအကြား သမိုင်းအစဉ်အလာအရ တည်ရှိပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ပိုမိုတိုးတက်ခိုင်မြဲစေရေးအတွက် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအနေဖြင့် ထိရောက်စွာ ပံ့ပိုးကူညီမှုများ ပေးအပ်နိုင်ခဲ့ခြင်းကို မိမိအနေဖြင့် ဝမ်းမြောက်စွာ အသိအမှတ်ပြုအပ်ပါသည်။ မိမိတို့နှစ်နိုင်ငံအနေဖြင့် မြန်မာပြည်သူများနှင့် ရုရှားပြည်သူများ၏ အကျိုးစီးပွားအတွက်သာမက နိုင်ငံတကာရေးရာကိစ္စများနှင့် အာရှ–ပစိဖိတ်ဒေသကြီးတစ်ခုလုံး၏ တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးအတွက် အရေးပါသောကိစ္စရပ်များတွင်လည်း ပိုမိုထိရောက်စွာ အကျိုးပြုဆောင်ရွက်သွားနိုင်လိမ့်မည်ဟု မိမိအနေဖြင့်ယုံကြည်ပါသည်။

အဆွေတော် ကျန်းမာရွှင်လန်းစေရန်နှင့် မြန်မာပြည်သူပြည်သားများ၏ အကျိုးစီးပွားဖြစ်ထွန်းစေရန်အတွက် အဆွေတော်၏ အရေးပါသည့်ဆောင်ရွက်ချက်များလည်း အောင်မြင်ပါစေကြောင်း မိမိအနေဖြင့် ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

● ကျောဖုံးမှ

ရှေးဦးစွာ အီလက်ထရွန်နစ်အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်က အိုင်တီကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ရှင်းလင်းပြောကြား

ယင်းနောက် ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းဦးက မြန်မာသတင်းအချက်အလက် နည်းပညာကော်ပိုရေးရှင်းလီမိတက်၏ လုပ်ငန်းဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အစည်းအဝေး ပထမပိုင်း အစီအစဉ်များကို ခေတ္တရပ်နားသည်။

ထို့နောက် အစည်းအဝေးဒုတိယပိုင်း အစီအစဉ်များကို ဆက်လက်ကျင်းပရာ တာဝန်ရှိသူများကဒါရိုက်တာအဖွဲ့အစီရင်ခံစာ၊ ဘဏ္ဍာရေးအစီရင်ခံစာနှင့် စာရင်းစစ်အဖွဲ့၏ အစီရင်ခံစာတို့ကို ဖတ်ကြားတင်ပြခြင်း၊ အတည်ပြုခြင်း၊ စာရင်းစစ်အဖွဲ့အား ဆက်လက်ခန့်ထားခြင်း၊ ဒါရိုက်တာအဖွဲ့သစ်ရွေးချယ်ဖွဲ့စည်းခြင်းနှင့် အတည်ပြုခြင်း၊ အစုရှယ်ယာရှင်များ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခြင်းတို့ကို အစီအစဉ်အတိုင်း ဆောင်ရွက်ပြီး သဘာပတိ ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းဦးက နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၈)ဖြန့်ချီ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၈)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ 'သံသယမြူနှင်းများ ကင်းကြစေ' အယ်ဒီတာ့ဒိုင်ယာရီနှင့်အတူ ညှော်မထဆန် တန်ချိန်တစ်သောင်းခုနစ်ထောင် အနောက်အာဖရိကသို့ တင်ပို့နိုင်ခဲ့၊ ရန်ကုန်မြို့ ၆၅ မိုင်ဝန်းကျင်အထိ MRTV-4 ဖမ်းယူကြည့်ရှုနိုင်ပြီ၊ စားသောက်သူများက ပတ်ဝန်းကျင်ကို အနှောင့်အယှက်ပြုလျှင် ယင်းဆိုင်ကိုပါ အရေးယူမည်၊ ထမံသီဆည် ရေလွှမ်းဧရိယာအတွင်း ပါဝင်မည့် ကျေးရွာများအတွက် ဟုမ္မလင်းမြို့အောက်ဘက်တွင် ရွှေပြည်အေးမြို့သစ် ဖော်ထုတ်ပေး၊ ဗုံးပေါက်ကွဲမှုများရှိခဲ့၍ တစ်နိုင်ငံလုံးတွင် လုံခြုံရေးတင်းကျပ်စွာဆောင်ရွက်နေ၊ မြဝတီရုပ်သံ၏ အခမဲ့လိုင်းများကို ဖမ်းယူနိုင်မည့် ဒီဂျစ်တယ်ရုပ်သံဖမ်းစက် ဈေးကွက်အတွင်းဝင်လာ စသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ အလုပ်နှင့် ပညာရေးလမ်းညွှန် 'မလေးရှားတွင် ကျောင်းတက်လိုလျှင်'နှင့် 'မြန်မာသတင်းစာ မင်စီးကြောင်း'ကဲ့သို့သော သုံးသပ်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

'ဝန်ကြီးလုပ်တာ ရှုံးထုတ်ပြတာမဟုတ်ဘူးရှင့်' ယူအေအီး စီးပွားရေးဝန်ကြီး ရှိတ်ခါလူဘနားနှင့်တွေ့ဆုံခြင်း အင်တာဗျူးဆောင်းပါးနှင့်အတူ အရှေ့တီမော၏ လက်ရှိအရေးအခင်းများသည် လွတ်လပ်ရေးရခါစ နိုင်ငံများတွင် ဖြစ်တတ်သည့်သဘောသာဖြစ်၊ အသက်ကြီးလာလျှင် အခြားသူများနှင့် ဆက်ဆံရေးကောင်းမွန်သော်လည်း မိမိတို့အိမ်ထောင်ဖက်များနှင့်မူ သဘောထားကွဲလွဲမှုများရှိလာ၊ ခွေးအရုပ်တော်ပုံကြောင့် တက္ကဆက်မြို့တော်ဝန် ရာထူးမှ နုတ်ထွက်၊ WHOနှင့် ဘလွန်းဘာ့အဖွဲ့တို့ပူးပေါင်း၍ တစ်ကမ္ဘာလုံး ဆေးလိပ်သောက်ခြင်းဆန့်ကျင်ရေးစီမံချက် စတင်ဆောင်ရွက်မည်၊ အိန္ဒိယနိုင်ငံ၌ ကက်ရှ်မီးယားဆိတ်များ အငတ်ဘေးကြုံ၊ လာဘ်စားမှုဖြင့် တရုတ်အရာရှိကို ထောင်ဒဏ်တစ်သက်တစ်ကျွန်းချ၊ ဒုက္ခိတအမျိုးသမီးများ သားကြောဖြတ်ခံရခြင်းကြောင့် ဒေါသမီးပွားလျက်ရှိ စသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၈-၂-၂၀၀၈ရက် (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇း၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈း၀၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈း၁၅ ၇။ အတီးပြိုင်ပွဲ
- ၈း၃၀ ၈။ International News
- ၈း၄၅ ၉။ Grammar made Easy

ညပိုင်း

- ၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆း၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(သမိုင်းအထူးပြု) [သမိုင်း]
- ၁၆း၄၅ ၄။ ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာရပ်ဆိုင်ရာသင်ခန်းစာ(သချ်ာဘာသာရပ်)
- ၁၇း၁၀ ၅။ အကပဒေသာ
- ၁၇း၂၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆိုအကများ
- ၁၇း၃၅ ၇။ **မင်းမသိသေးပါဘူးကွာ** ဇေရာ၊ ငှက်ပျောကြော်၊ ချစ်စရာ၊ ကြူကြူသင်း၊ အေးအေးခိုင် (ဒါရိုက်တာ–ဆွေဇင်ထိုက်)
- ၁၇း၄၅ ၈။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
- ၁၈း၀၀ ၉။ ညနေခင်းသတင်း
- ၁၈း၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၁၈း၃၅ ၁၁။ အလှရှာမယ် လှကမ္ဘာဝယ်
- ၁၉း၀၅ ၁၂။ တေးဂီတအစီအစဉ်
- ၁၉း၂၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **မြူခိုးဝေဝေ ချစ်သက်တည်** (အပိုင်း–၂၄) [ဇာတ်သိမ်းပိုင်း]
- ၂၀း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာမျဉ်းပြိုင်** (အပိုင်း–၄)

အောင်စကြာမိုးကုတ်ဆရာတော်၏ အထူးဓမ္မသဘင်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ရန်ကုန်တိုင်း သာကေတမြို့နယ် အောင်စကြာ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကြီး၏ ဦးစီးပဓာနနာယက မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏ မဟာနာယက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဝိမလဗုဒ္ဓိ (မြို့နယ်သံဃနာယကဥက္ကဋ္ဌ)သည် ဖေဖော်ဝါရီ ၂၁ရက် ည ၇နာရီတွင် ရန်ကုန်တိုင်း တွံတေးမြို့နယ် ကွန်တာကျေးရွာ ဦးအောင်ကျော်မြ–ဒေါ်ခင်သန်းနှင့် ဦးအောင်သိန်း–ဒေါ်သိန်းမြင့်တို့၏ ရဟန်းခံရှင်ပြု အလှူမင်္ဂလာမဏ္ဍပ်၌ ဓမ္မဒေသနာများ ဟောကြားမည်ဖြစ်သည်။ **(က–ပ)**

နိုင်ငံတကာသတင်းများ

တာလီဘန်များ၏ တိုက်ခိုက်မှု အာဖဂန်ရဲတပ်ဖွဲ့ဝင် လေးဦးသေဆုံး

ကဘူးလ် ဖေဖော်ဝါရီ ၁၇

အာဖဂန်နစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း နင်ရုဇ်ပြည်နယ်၌ တာလီဘန်တိုက်ခိုက်ရေးသမားများက ကင်းလှည့်နေသော ရဲတပ်ဖွဲ့အား ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ရဲတပ်ဖွဲ့ဝင်လေးဦး သေဆုံးပြီး အခြားနှစ်ဦး ဒဏ်ရာရရှိသွားကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူးက ဖေဖော်ဝါရီ ၁၅ရက်တွင် ပြောကြားသည်။

ပြောကြား

နင်ရုဇ်ပြည်နယ်ချာဟင်ဆာခရိုင်၌ ဖေဖော်ဝါရီ၁၄ရက်ညပိုင်းကကင်းလှည့်နေသော အာဖဂန်ရဲတပ်ဖွဲ့အား တိုက်ခိုက်ရေးသမားများက ချုံခိုတိုက်ခိုက်ခဲ့ကြောင်းပြည်နယ်အုပ်ချုပ်ရေးမှူး ဒါ့စတာဂါအဇတ်က ဆင်ဟွာသို့ ပြောကြားသည်။

သိမ်းဆည်း

တာလီဘန်တိုက်ခိုက်ရေးသမားများသည် တိုက်ပွဲတွင် ရဲတပ်ဖွဲ့ဝင်လေးဦးကို ပစ်သတ်နိုင်ခဲ့ကြောင်း၊ နှစ်ဦးကို ပြန်ပေးဆွဲပြီး သေနတ်ခြောက်လက် သိမ်းဆည်းနိုင်ခဲ့ကြောင်း တာလီဘန်ပြောရေးဆိုခွင့်ရှိသူ ယူဆွပ်အာမက်ဒီက ဆင်ဟွာသို့ ဖုန်းဆက်ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပါကစ္စတန်နိုင်ငံတွင် အကြမ်းဖက်သမား ၁၀ဦးကို ဖမ်းမိ

ကရာချိ ဖေဖော်ဝါရီ ၁၇

ပါကစ္စတန်နိုင်ငံတွင် လာမည့်ရက်သတ္တပတ်၌ ကျင်းပမည့် ရွေးကောက်ပွဲတွင် အကြမ်းဖက်တိုက်ခိုက်ရန် ကြံစည်နေသည်ဟု ယူဆရသော မသင်္ကာဖွယ် စစ်သွေးကြွ ၁၀ဦးကို ကရာချိမြို့တွင် ပါကစ္စတန်ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်သည်။

ထုတ်ဖော်ပြောကြား

ယခုဖမ်းမိလာသော စစ်သွေးကြွများသည် ယခင်အကြမ်းဖက်အဖွဲ့ဝင်ဟောင်းများဖြစ်ပြီး ယခုအခါ အဖွဲ့အစည်းသစ် ဖွဲ့စည်းလှုပ်ရှားနေသူများဖြစ်ကြောင်း ဆင့်ပြည်နယ် ပြည်ထဲရေးဝန်ကြီး အာ့ချ်တာဇာမင်က ရိုက်တာသို့ ပြောကြားခဲ့သည်။ သို့ရာတွင် ၎င်းစစ်သွေးကြွများအား ထိန်းသိမ်းထားသည့် နေရာကို ထုတ်ဖော်ပြောကြားခြင်း မရှိပေ။

ရဲတပ်ဖွဲ့သည် ဖောက်ခွဲရေးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ စီဒီပြားများနှင့် အခြားစစ်ရေးသုံးပစ္စည်းများကို ဖမ်းမိခဲ့ကြောင်း ၎င်းက ပြောကြားသည်။

ဆက်လက်ပြောကြား

၎င်းတို့သည် နိုင်ငံရေးခေါင်းဆောင်အချို့ကို တိုက်ခိုက်ရန် ကြံစည်နေခြင်းဖြစ်နိုင်ကြောင်း၊ ရွေးကောက်ပွဲအတွင်း အခြားအကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခြင်းဖြင့် တိုင်းပြည်၏ တည်ငြိမ်အေးချမ်းသော အခြေအနေကို ပျက်ပြားအောင် လုပ်ဆောင်ရန် ရည်ရွယ်ခြင်းလည်း ဖြစ်နိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

အကြိုရွေးကောက်ပွဲကြားကာလ မဲဆွယ်စည်းရုံးလျက်ရှိ ဟီလာရီကလင်တန် ပြိုင်ဘက်အိုဘားမားကို ဝေဖန်

စင်စင်နတီ ဖေဖော်ဝါရီ ၁၇

အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်ပါတီကို ကိုယ်စားပြုမည့် သမ္မတလောင်းနေရာအတွက် နောက်ထပ်အကြိုရွေးကောက်ပွဲများ မကျင်းပမီ မဲဆွယ်စည်းရုံးလျက်ရှိရာတွင် ဟီလာရီကလင်တန်က သူ့ပြိုင်ဘက်အိုဘားမားကို ဖေဖော်ဝါရီ ၁၅ရက်က ဝေဖန်စိန်ခေါ်လိုက်သည်။

ထုတ်ဖော်ကြေညာ

အထက်လွှတ်တော် အမတ် ဟီလာရီကလင်တန်က သူသည်အမေရိကန်လူလတ်တန်းစားမှပေါက်ဖွားလာပြီးလူလတ်တန်းစားတို့ဘက်မှရပ်တည်ကာကွယ်ပေးမည့်သူဖြစ်ကြောင်း၊အပြောသမားသက်သက် မဟုတ်ကြောင်း ထုတ်ဖော်ကြေညာလိုက်သည်။

မေးခွန်းထုတ်

ထို့ပြင် မဲဆန္ဒရှင် ပြည်သူများအနေဖြင့် အပြောသမားကို ရွေးမည်လော သို့မဟုတ် တကယ့်လက်တွေ့ဘဝပြဿနာများကိုင်တွယ်ဖြေရှင်းပေးမည့်သူကို ရွေးမည်လော စဉ်းစားကြပါရန် ဟီလာရီကလင်တန်က မေးခွန်းထုတ်လိုက်သည်။

ဤအချိန်အခါသည် တိုက်ပွဲဝင်မည့်သမ္မတ၊ ပြည်သူ့အကျိုးကိုသယ်ပိုးမည့်သမ္မတ၊ အမေရိကန် လူလတ်တန်းစားဘက်မှ ရပ်တည်ကာကွယ်ပေးမည့် သမ္မတတစ်ဦးကိုရွေးချယ်ပေးရမည့်ကာလဖြစ်ကြောင်း ဟီလာရီကလင်တန်က စင်စင်နတီသို့ရောက်ရှိစဉ် ပြောကြားလိုက်သည်။

ဤလ ၁၉ရက်တွင် ဝစ္စကွန်ဆင်ပြည်နယ်နှင့် ဟာဝိုင်ယီအကြိုရွေးကောက်ပွဲများ၊ မတ် ၄ရက်တွင် တက္ကဆက်နှင့် အိုဟိုင်းယိုးပြည်နယ် အကြိုရွေးကောက်ပွဲများမတိုင်မီ မဲဆွယ်စည်းရုံးစဉ် ဟီလာရီကလင်တန်က လူလတ်တန်းစားနှင့် ဝင်ငွေနည်းသူများဘက်မှ ရပ်တည်ပြောကြားသည်။

မှားယွင်းနေ

လက်ရှိဝင်ငွေခွန် မမျှတပုံကို ၎င်းက ထောက်ပြရာ၌ တစ်နှစ်ဝင်ငွေဒေါ်လာသန်း ၅၀ရရှိသည့် ဝေါစထရိမန်နေဂျာတစ်ဦးအပေါ် ကောက်ခံသည့် အခွန်ငွေမှာ တစ်နှစ်ဝင်ငွေ ဒေါ်လာ ၅၀၀၀၀သာ ရရှိသော ကျောင်းဆရာ၊ သူနာပြုနှင့် ထရပ်ကားယာဉ်မောင်းတို့ ပေးဆောင်ရသည့် အခွန်ငွေထက် နည်းနေခြင်းမှာ တစ်စုံတစ်ရာ မှားယွင်းနေခြင်းကြောင့်ဖြစ်သည်ဟု ဟီလာရီက ပြောကြားလိုက်သည်။

ဒီမိုကရက်တစ် ပါတီ သမ္မတလောင်း ဟီ လာ ရီ ကလင်တန်။
(အင်တာနက်ဓာတ်ပုံ)

တုံ့ပြန်ဝေဖန်

ဟီလာရီထက် လောလောဆယ်ရှေ့ရောက်နေသူ အိုဘားမားကလည်း စွပ်စွဲချက်မှာ မမှန်ကန်ကြောင်း တုံ့ပြန်ပြောကြားလိုက်သည်။

အမ်အင်န်အေ၊ရိုက်တာ

ကနေဒါနိုင်ငံ ဗန်ကူဗားကျွန်းရှိ ကော်ဖီဆိုင်တစ်ဆိုင်တွင် ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပျက်စီးခဲ့သည့် မြင်ကွင်းကို ဖေဖော်ဝါရီ ၁၃ ရက်က ဤသို့တွေ့ရသည်။

(အင်တာနက်ဓာတ်ပုံ)

ဘဝအမောပြေ

ဆရာဝန်ဆိုတာ....

ရောဂါအပြင်းအထန်ခံစားနေရသော လူနာတစ်ဦးက ဆရာဝန်တစ်ဦးကို ဤသို့ ဖွင့်ဟစကားဆိုလေသည်။

လူနာ ။ ။ ကျွန်တော် မခံစားနိုင်တော့ဘူး။

ဆရာဝန် ။ ။ စိတ်ကိုတင်းထားစမ်းပါဗျာ။

လူနာ ။ ။ ကျွန်တော်မနေရတော့ဘူးထင်ပါတယ်ဗျာ။

ဆရာဝန် ။ ။ မဖြစ်နိုင်တာဗျာ။

လူနာ ။ ။ နောက်ထပ် ၅၉စက္ကန့်လောက်ပဲ နေရတော့မယ် ထင်တယ်။

ဆရာဝန် ။ ။ ဒါဆိုရင် တစ်မိနစ်လောက်တော့ စောင့်ပါဦး။

တိုကိုနိုင်ငံ မြို့တော်လိုမီတွင် တရုတ်နိုင်ငံ၏ အကူအညီဖြင့် ဆောက်လုပ်သော ဆေးရုံကြီးတစ်ရုံကိုတရုတ်နည်းပညာရှင်များနှင့် တိုကိုအလုပ်သမားများ တည်ဆောက်နေသည်ကို ဖေဖော်ဝါရီ ၁၃ ရက်က ဤသို့တွေ့ရသည်။
(အင်တာနက်ဓာတ်ပုံ)

ပါလက်စတိုင်း ၃၀တို့အား အစ္စရေးတပ်များက ဖမ်းဆီး

ဂါဇာ ဖေဖော်ဝါရီ ၁၇

အစ္စရေးအထူးတပ်ဖွဲ့ဝင်များသည် ဂါဇာကမ်းမြောင်ဒေသ အရှေ့တောင်ပိုင်း၌ ဖေဖော်ဝါရီ ၁၅ရက်က ပါလက်စတိုင်း ၃၀တို့အား ဖမ်းဆီးလိုက်ကြောင်း အစ္စရေးစစ်ဘက် ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ပြောကြား

အစ္စရေးတပ်များသည် ညသန်းခေါင်ယံတွင် ဂါဇာတောင်ပိုင်း ဖာတာမြို့ရှိ ပျက်စီးနေသော လေဆိပ်ဝန်းကျင်၌ ပါလက်စတိုင်း ၃၀အား ဖမ်းဆီးလိုက်ခြင်းဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဖမ်းဆီးရမိ

အနောက်ဘက်ကမ်းမြို့၌ အစ္စရေးတပ်များသည် အခြားပါလက်စတိုင်း ၁၃ဦးအား ဖမ်းဆီးခဲ့ကြောင်း အစ္စရေးရေဒီယိုက ကြေညာသည်။ အစ္စရေးတပ်များက ဖမ်းဆီးခံရသူအချို့ကို လက်နက်ခဲယမ်းမီးကျောက်များနှင့်အတူ ဖမ်းဆီးရမိခဲ့သည်ဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မက္ကဆီကိုစီးတီးမြို့လယ်ဗုံးပေါက်ကွဲမှု တစ်ဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရရှိ

မက္ကဆီကိုစီးတီး ဖေဖော်ဝါရီ ၁၇

မက္ကဆီကိုနိုင်ငံ မက္ကဆီကိုစီးတီးတွင် ဖေဖော်ဝါရီ ၁၅ရက်က ပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားသဖြင့် အနည်းဆုံးအမျိုးသားတစ်ဦး သေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိသွားသည်။ မြို့တော်ရဲဌာနချုပ် အနီးတွင်ထောင်ထားသည့် ဗုံးပေါက်ကွဲခြင်းဖြစ်ကြောင်း မြို့တော်ရဲတပ်ဖွဲ့ အကြီးအကဲ ဆော်တေဂါက ပြောကြားသည်။

ယခုအချိန်အထိ မည်သူ့လက်ချက်ဖြစ်သည်ကို မည်သည့်အဖွဲ့အစည်း ပုဂ္ဂိုလ်ကမျှ ထုတ်ဖော်ကြေညာခြင်းမရှိသေးပေ။ အဆိုပါဗုံးသည် အဝေးထိန်းကိရိယာဖြင့် ဖောက်ခွဲခြင်းဖြစ်မည်ဟု ယုံကြည်ရကြောင်း စုံစမ်းစစ်ဆေးသူများက ပြောကြားသည်။

(အင်တာနက်)

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

ဂျက်တိုက်လေယာဉ်များဝယ်ယူရေး အင်ဒိုနီးရှားဆွေးနွေး

ဂျကာတာ ဖေဖော်ဝါရီ ၁၇

နှစ်နိုင်ငံ ကာကွယ်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်သည့်အနေဖြင့် အင်ဒိုနီးရှားနှင့် အမေရိကန်လေတပ်မှ ထိပ်တန်းအရာရှိများ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း၊ အက်ဖ်–၁၆ ဂျက်တိုက်လေယာဉ်များနှင့် စီ–၁၃၀ ဟာကျူလီခရီးသည်တင်လေယာဉ်များ ဝယ်ယူရေးကို အဓိကထား ဆွေးနွေးခဲ့ကြကြောင်း ဒေသဆိုင်ရာသတင်းစာက ဖေဖော်ဝါရီ ၁၆ ရက်၌ သတင်းထုတ်ပြန်ခဲ့သည်။

တံခါးပိတ်ဆွေးနွေး

အင်ဒိုနီးရှားနိုင်ငံအတွက် ကာကွယ်ရေးပစ္စည်းသစ်များ တပ်ဆင်ပေးရန် ရည်ရွယ်လျက် အင်ဒိုနီးရှားလေတပ် ဒုတိယထိပ်တန်းအရာရှိ ဆူဘန်ဒရီယိုသည် အမေရိကန်လေတပ်ဆိုင်ရာ နိုင်ငံတကာရေးရာဝန်ကြီး ဘရုစ်အက်စ်လင်မ်ကင်းနှင့် ဖေဖော်ဝါရီ ၁၅ ရက်က တံခါးပိတ်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။

သတ်မှတ်ခဲ့

ယင်းလေယာဉ်များ ရောင်းဝယ်ရေးကာလကို ၂၀၁၀ပြည့်နှစ်မှ ၂၀၁၄ခုနှစ်အတွင်း သတ်မှတ်ခဲ့ကြောင်း လေကြောင်း ပြောရေးဆိုခွင့်ရှိသူ ရေတပ်ဗိုလ်ချုပ်ဆိုနာယို၏ ပြောကြားချက်ကို ကိုးကား၍ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော သည်ဂျကာတာပို့စ်တွင် ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကမ္ဘာကြီးပူနွေးလာမှု ထိန်းသိမ်းရေး ဒဗလျူဒဗလျူအက်ဖ် ကြေညာချက်ထုတ်ပြန်

တိုကျို ဖေဖော်ဝါရီ ၁၇

ကမ္ဘာတစ်ဝန်းရှိ ကုမ္ပဏီကြီး ၁၂ ခုသည် ဖေဖော်ဝါရီ ၁၅ ရက်က တစ်ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ (ဒဗလျူဒဗလျူအက်ဖ်)နှင့် ကြေညာချက်တစ်ရပ်ကို သဘောတူ လက်မှတ်ရေးထိုးခဲ့ကြကြောင်း၊ ယင်းကြေညာချက်တွင် ကမ္ဘာကြီးပူနွေးလာမှုကို ပြုပြင်ကြိုးစား ထိန်းသိမ်းရန် ကတိကဝတ်ပြုခဲ့ကြကြောင်း သတင်းတွင်ဖော်ပြသည်။

လျှော့ချရန်တောင်းဆို

ဆိုနီ၊ နိုကီယာ၊ နိုက်ခ်နှင့် ဟူလက်စ်ပက်ကာ့ဒ်တို့ကဲ့သို့သော ကုမ္ပဏီများက ထောက်ခံအတည်ပြုခဲ့သော ယင်းကြေညာချက်တွင် ကမ္ဘာ့ပျမ်းမျှအပူချိန်သည် စက်မှုခေတ်မတိုင်မီကနှင့် နှိုင်းယှဉ်လျှင် အမြင့်မားဆုံးဖြစ်သည့် ၂ ဒီဂရီ ဆဲဆီးယပ်စ်သို့ မြင့်တက်လာမှုကို ကန့်သတ်ရေးအတွက် ၂၀၅၀ ခုနှစ်တွင် ဖန်လုံအိမ်အာနိသင်ထုတ်လွှတ်မှုကို ၅၀ ရာခိုင်နှုန်းကျော် လျှော့ချရန်တောင်းဆိုခဲ့ကြသည်။

ကတိပြု

ယင်းကြေညာချက်တွင် အဆိုပါကုမ္ပဏီများသည် ၎င်းတို့၏ လုပ်ဖော်ကိုင်ဖက် ကုမ္ပဏီများနှင့် ဖန်လုံအိမ် အာနိသင်လျှော့ချရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်ရန်၊ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးကို အရှိန်မြှင့်ဆောင်ရွက်ရန်နှင့် ယင်းလုပ်ငန်းစဉ်များကို ဆိုင်ရာကဏ္ဍနှင့် ဒေသများအလိုက် သံတမန်များထားရှိဆောင်ရွက်ရန် ကတိပြုခဲ့ကြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာမှုခင်းဖြစ်ရပ်

မည်သို့ပင်ရှောင်ပုန်းပါသော်လည်း

ချစ်စုံနိုင် ကိုးကားရေးဖွဲ့သည်

ဗန်ကောက်မြို့သည် ထိုင်းနိုင်ငံ၏ မြို့တော်ဖြစ်ပြီး လူဦးရေခြောက်သန်းနီးပါးမျှ နေထိုင်သော မြို့ကြီးဖြစ်သည်။ ကမ္ဘာလှည့်ခရီးသည်များ အများအပြား လာရောက်လည်ပတ်ရာမြို့လည်း ဖြစ်သည်။ ယင်းမြို့တွင် ကမ္ဘာလှည့်ခရီးသွားများ အများဆုံးတည်းခိုရာ ဟိုတယ်ကြီးတစ်ခု ရှိသည်။

ပျော်ရွှင်မှုအတိုင်းပြီး

ထိုဟိုတယ်ကြီးသို့ အမေရိကန်နိုင်ငံမှ ကမ္ဘာလှည့်ခရီးသည်များဖြစ်ဟန်တူသော လူငယ်စုံတွဲတစ်တွဲသည် ဖေဖော်ဝါရီလဆန်းမှ စတင်လာရောက်တည်းခိုခဲ့သည်။ လူငယ်စုံတွဲဖြစ်သဖြင့် ဖျတ်ဖျတ်လတ်လတ်တက်တက်ကြွကြွရှိသည်။ နေ့ရှိသရွေ့အပြင်သို့ထွက်လည်ကာ ညအချိန်ရောက်မှ ဟိုတယ်သို့ ပြန်လာပြီး အိပ်စက် အနားယူလေ့ရှိသည်။ ထိုလူငယ်စုံတွဲတွင် ခင်ပွန်းဖြစ်သူမှာ အသက် ၂၆ နှစ်အရွယ်ရှိ စတူးဝပ်မိုက်ကယ်ရိုမီနီဖြစ်ပြီး ဇနီးမှာ အသက် ၂၁ နှစ်အရွယ်ရှိ မော်ဂန်မစ်ချယ်ဟိုကီ **(အပေါ်ယာပုံ)**ဖြစ်သည်။ သူတို့နှစ်ဦးကို ကြည့်ရသည်မှာ အချိန်တိုင်း လန်းဆန်းတက်ကြွနေပြီး အပူအပင်ကင်းမဲ့ကာ ပျော်ရွှင်မှုအတိုးပြီးနေသည့် ပုံစံကို တွေ့ရသည်။ လူငယ်များပီပီ ပေါ့ပေါ့ပါးပါး သွက်သွက်လက်လက် ရှိနေကြသည်။ ယင်းဟိုတယ်တွင် ကမ္ဘာလှည့် အပန်းဖြေခရီးထွက်လာကြသူများသာ တည်းခိုကြသဖြင့် တစ်ဦး၏ ဇာစ်မြစ်ကို တစ်ဦး မသိကြ၊ သိစရာ မလိုသကဲ့သို့ သိရန်လည်း မကြိုးစားကြပေ။

သိုသိပ်စွာနေထိုင်

ထိုလူငယ်စုံတွဲတွင် ခင်ပွန်းဖြစ်သူ ရိုမီနီသည် အပန်းဖြေခရီးထွက်နေလင့်ကစား ပတ်ဝန်းကျင်သို့ သိမ်းငှက်ကဲ့သို့ စူးရှသော မျက်လုံးအစုံဖြင့်

သတိထားနေသကဲ့သို့ ဇနီးဖြစ်သူ ဟိုကီကလည်း ပတ်ဝန်းကျင်ကို အမြဲမပြတ် သတိထားနေပုံရသည်။ ရိုမီနီနှင့် ဟိုကီ၏ ပုံစံမှာ အရာရာကို ကျီးလန့်စာစား ဖြစ်နေပုံရသည်။ လူငယ်များဟု မထင်မှတ်ရလောက်အောင်ပင် သူတို့နှစ်ဦး၏ စိုးရိမ်ထိတ်လန့်မှုကို ပတ်ဝန်းကျင်က မရိပ်မိအောင် သိုသိပ်စွာနေထိုင်ခဲ့ကြသည်။

သတိလက်မလွှတ်ခဲ့

ထိုကဲ့သို့ သတိထားနေကြသည့်ကြားမှပင် ရိုမီနီနှင့် ဟိုကီတို့အဖို့ အသက်လုထွက်ပြေးရသည့် ဖြစ်ရပ်နှင့် ကြုံခဲ့ရတော့သည်။ ထိုနေ့ကား ထိုဟိုတယ်သို့ သူတို့ရောက်ရှိ တည်းခိုသည့် ၁၃ ရက်မြောက်နေ့ဖြစ်သည့် ဖေဖော်ဝါရီ ၁၃ ရက်ညပိုင်း မိုးချုပ်စအချိန်ဖြစ်သည်။ ရိုမီနီနှင့် ဟိုကီတို့သည်လည်း အပြင်တွင်သွားရောက်လည်ပတ်ရာမှ ပြန်ရောက်ပြီး အနားယူကာစအချိန်ဖြစ်သည်။ ထိုသို့အနားယူနေသော်လည်း သူတို့နှစ်ဦးစလုံး ပတ်ဝန်းကျင်သို့ သတိလက်မလွှတ်ခဲ့ပေ။

ထွက်ပြေးလွတ်မြောက်ခဲ့

ထိုအချိန်တွင် ရဲတပ်ဖွဲ့ဝင်များက အရပ်ဝတ်ဖြင့် သူတို့တည်းခိုရာ အခန်းတံခါးကို လာခေါက်လေတော့သည်။ ဗန်ကောက်တွင် မိတ်ဆွေမရှိသော သူတို့ဇနီးမောင်နှံအဖို့ တံခါးလာခေါက်သူများမှာ သူတို့၏ မိတ်ဆွေများ မဟုတ်မှန်း ရိပ်စားမိခဲ့သည်။ ထို့ကြောင့် တံခါးဖွင့်ဟန်ပြုကာ သူတို့ တည်းခိုသည့် အခန်း၏ သန့်စင်ခန်းမှတစ်ဆင့် တစ်ဖက်မှ လူတည်းခိုခြင်းမရှိသော အခန်းတွင်းသို့ ဝင်ရောက်ပြီး ရပ်ဖျက်ကာ ထွက်ပြေး လွတ်မြောက်ခဲ့ကြတော့သည်။

ပျောက်ချင်းမလှပျောက်

ဟိုတယ်တွင်သူတို့အား လာရောက်ဖမ်းဆီးသူများလက်မှ လွတ်မြောက်ခဲ့သော်လည်း သူတို့ထွက်ပြေးရာ လမ်းကြောင်းရှိ ရဲအဖွဲ့က မသင်္ကာသဖြင့် ခေါ်ယူစစ်ဆေးစဉ် ခင်ပွန်းသည် ရိုမီနီမှာ ထွက်ပြေးလွတ်မြောက်ခဲ့သော်လည်း ဇနီးသည် ဟိုကီမှာ အမျိုးသမီးဖြစ်သဖြင့် ရဲအဖွဲ့က ဖမ်းမိခဲ့တော့သည်။ ရိုမီနီမှာ ကိုယ်လွတ်ရုန်းပြေးပြီး ပျောက်ချင်းမလှ ပျောက်သွားတော့သည်။

လွှဲပြောင်းပေးမည်

ထိုအခါမှ အမေရိကန်နိုင်ငံ အက်ဖ်ဘီအိုင် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ ညွှန်ကြားချက်အရ ထိုင်းရဲတပ်ဖွဲ့က အမေရိကန်တွင် ဘဏ်ကိုဓားပြတိုက်မှုဖြင့် အလိုရှိနေသူ စတူးဝပ်မိုက်ကယ်ရိုမီနီနှင့် မော်ဒန်မစ်ချယ်ဟိုကီတို့ကို ၎င်းတို့တည်းခိုရာ ဟိုတယ်တွင် လာရောက်ဖမ်းဆီးခြင်းဖြစ်ကြောင်း ပတ်ဝန်းကျင်ရှိ လူများက သိရှိသွားကြသည်။ ရိုမီနီနှင့် ဟိုကီတို့သည် ၂၀၀၆ ခုနှစ် နိုဝင်ဘာလအတွင်း တက္ကဆက်ပြည်နယ်တွင် ဘဏ်ဓားပြမှုများ ကျူးလွန်ခဲ့ပြီး ကယ်လီဖိုးနီးယားနှင့် ဝါရှင်တန်ပြည်နယ်တို့တွင် ဖြစ်ပွားခဲ့သော ဘဏ်ဓားပြမှုများတွင် ပါဝင်ပတ်သက်နိုင်ကြောင်း ယူဆခဲ့ကြသည်။ ဟိုကီသည် နာမည်လိမ်ကိုသုံးကာ တက္ကဆက်တက္ကသိုလ် ဘော့စ်ဘောဦးထုပ်ကိုဆောင်းပြီး ဘဏ်ဓားပြမှု ကျူးလွန်ခဲ့ကြောင်း၊ ဘဏ်၏ လုံခြုံရေးကင်မရာက ၎င်းအား ရိုက်ကူးမှတ်တမ်းတင်ထားကြောင်း သိရသည်။ ဟိုကီအား ထိုင်းနိုင်ငံမှ အမေရိကန်နိုင်ငံသို့ လွှဲပြောင်းပေးမည်ဖြစ်သည်။

ဆုံးဖြတ်ပေးမည်

ရိုမီနီနှင့် ဟိုကီတို့၏ ရာဇဝတ်မှုကျူးလွန်ပြီး ကျီးလန့်စာစား ထွက်ပြေးနေရသော ဒုစရိုက်သမားတို့၏ ဒုက္ခကို သင်ခန်းစာယူသင့်သကဲ့သို့ ရဲတပ်ဖွဲ့အား လိုက်တမ်းပြေးတမ်း ကစားမည်ဟူသကဲ့သို့ စိန်ခေါ်ထွက်ပြေးသူ စတူးဝပ်မိုက်ကယ်ရိုမီနီအဖို့ မည်သည့်အချိန်အထိ ပြေးနိုင်မည်ကို အချိန်ကသာ ဆုံးဖြတ်ပေးမည်ဖြစ်ပါကြောင်း။ ။

ရိုမီနီသည် အပန်းဖြေခရီးထွက်နေလင့်ကစား ပတ်ဝန်းကျင်သို့ သိမ်းငှက်ကဲ့သို့ စူးရှသောမျက်လုံးအစုံဖြင့် သတိထားနေသကဲ့သို့ ဇနီးဖြစ်သူ ဟိုကီကလည်း ပတ်ဝန်းကျင်ကို အမြဲမပြတ် သတိထားနေပုံရ။

လှုပ်လှုပ်ရှားရှား အင်တာနက်ပုံရိပ်များ

ခေါင်းချင်းဆိုင်တိုက်မိ

ကနေဒါနိုင်ငံ တိုရွန်တိုမြို့၌ ဖေဖော်ဝါရီ ၁၅ရက်က ခရီးသည်တင် ဘတ်စ်ကား တစ်စီးနှင့် ဆလွန်းကားတစ်စီး ခေါင်းချင်းဆိုင် တိုက်မိပြီးနောက် တွေ့ရသည့် မြင်ကွင်း...။

(အင်တာနက်ဓာတ်ပုံ)

ဓာတ်ငွေ့ပေါက်ကွဲ

ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့အရှေ့မြောက်ဘက် မိုင် ၅၀ ခန့်အကွာရှိ ဓာတုစက်ရုံတစ်ခု ဖေဖော်ဝါရီ ၁၅ ရက်က ဓာတ်ငွေ့ပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် တွေ့မြင်ရသည့် မြင်ကွင်း။ (အင်တာနက်ဓာတ်ပုံ)

သတင်းမှပေးသော အသိနှင့် သတိပြုဖွယ်

သက်တမ်းရင့်အဆောက်အအုံများမှာ ဆက်လက်နေထိုင်ပါလျှင်

ဂျော်ဒန်နိုင်ငံ အမ္မန်မြို့၌ ဖေဖော်ဝါရီ ၁၅ရက်က အဆောက်အအုံတစ်လုံးပြိုကျမှုကြောင့် လေးဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့ဝင်များက ပြောကြားသည်။

ကြုံတွေ့

အခင်းဖြစ်ပွားမှုမှာ အမ္မန်မြို့၌ သက်တမ်းရင့် အိုမင်းနေပြီဖြစ်သော အဆောက်အအုံများတွင် နေထိုင်ကြခြင်းမပြုရန် သတိပေးချက်များ ထုတ်ပြန်ထားခဲ့သည်။ သို့သော်လည်း အချို့သောလူများမှာ သတိပေးချက်များကို မလိုက်နာဘဲ ဆက်လက်နေထိုင်ခဲ့ရာမှ ယခုကဲ့သို့ အဆောက်အအုံပြိုကျမှုနှင့် ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။

ဆင်ခြင်သင့်

ထို့ကြောင့် ဘေးအန္တရာယ်များသော သက်တမ်းရင့်အဆောက်အအုံများ၌ နေထိုင်ခြင်းများ ဆင်ခြင်သင့်ကြောင်း သင်ခန်းစာပေးလျက်ရှိသည်။

မောင်မောင်မြင့်ဆွေ

မြန်မာ့အလင်း

နိုင်ငံတကာ သတင်းများ

မလေးရှား၌ ဆန္ဒပြမှုများဖြစ်ပွား ရဲတပ်ဖွဲ့က မျက်ရည်ယိုဗုံးသုံး၍ လူစုခွဲဖမ်းဆီး

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ အစိုးရဆန့်ကျင်ရေး ဆန္ဒပြသူများအား ရဲတပ်ဖွဲ့က ဤသို့ ထိန်းသိမ်းခဲ့ရသည်။

(အင်တာနက်ဓာတ်ပုံ)

ကွာလာလမ်ပူ ဖေဖော်ဝါရီ ၁၇

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ငြိမ်းချမ်းရေးတောင်းဆိုသည့် ဆိုင်းဘုတ်များ ကိုင်ဆောင်ထားသည့် အိန္ဒိယနွယ်ဝင် လူမျိုးစုများက အစိုးရဆန့်ကျင်ရေး ဆန္ဒပြမှုတစ်ရပ် ဖေဖော်ဝါရီ ၁၆ရက်က ပြုလုပ်ခဲ့သဖြင့် မလေးရှား ရဲတပ်ဖွဲ့က မျက်ရည်ယိုဗုံးများ သုံး၍ လူစုခွဲခဲ့ရသည်။

စိုးရိမ်ပူပန်

မလေးရှားနိုင်ငံ၌ မတ် ၈ရက်တွင် အထွေထွေ ရွေးကောက်ပွဲ ကျင်းပမည် ဖြစ်၍ ဆန္ဒပြမှုများ ပိုမို ဆိုးရွားလာမည်ကို အစိုးရက စိုးရိမ်ပူပန်နေသည်။

မျှော်လင့်ချက်ရှိ

ရဲတပ်ဖွဲ့ဝင် ၁၀၀ခန့်က ဆန္ဒပြသူများ အား မျက်ရည်ယိုဗုံးများ၊ မီးသတ်ပိုက်များ သုံးကာ လူစုခွဲခဲ့ရသည်။ ဝန်ကြီးချုပ် အဗ္ဗဒူလ် အာမက်ဘာဒါဝီသည် ရွေးကောက်ပွဲတွင် အာဏာပြန်လည်ရရှိရန် မျှော်လင့်ချက်များစွာ ရှိနေသည်။

အမ်အင်န်အေ၊ရိုက်တာ

မသက်သာသူ ၁၂ ဦးအား အရှေ့တီမောအ၌ ဖမ်းဝရမ်းထုတ်

ဂျကာတာ ဖေဖော်ဝါရီ ၁၇

အရှေ့တီမောခေါင်းဆောင်များအား လုပ်ကြံသတ်ဖြတ်ရန် ကြိုးစားခဲ့သူ အပါအဝင် မသင်္ကာသူ ၁၂ဦးအား ဖမ်းဝရမ်းထုတ်လိုက်ကြောင်း အရှေ့တီမောရှေ့နေချုပ်က ဖေဖော်ဝါရီ ၁၅ရက်တွင် ပြောကြားသည်။

အဆိုပါ ဖမ်းဝရမ်း ၁၂ခုအား ရဲတပ်ဖွဲ့သို့ ဖေဖော်ဝါရီ ၁၄ရက်တွင် လွှဲပြောင်း ပေးလိုက်ကြောင်း၊ သို့သော်လည်း ဖမ်းဝရမ်းထုတ်ခံရသူများ၏ အမည်နာမကို ထုတ်ဖော်ကြေညာခြင်း မရှိကြောင်း ရှေ့နေချုပ် မော်တေရီယိုက သတင်းထောက်များအား ပြောကြားသည်။

ထွက်ပြေးလွတ်မြောက်

သူပုန်အဖွဲ့သည် အရှေ့တီမော သမ္မတ ဟိုဆေးရာမို့စ်ဟော်တာနှင့် ဝန်ကြီးချုပ်ဇာနားနားဂူစမာယိုတို့အား ယခုသီတင်းပတ်အတွင်းက တိုက်ခိုက်မှု ပြုလုပ်ခဲ့သည်။ ရာမို့စ်ဟော်တာသည် စိုးရိမ်စွာ ဒဏ်ရာရခဲ့ပြီး ဩစတြေးလျသို့ လေယာဉ်ဖြင့် အမြန်သွားရောက်ကုသလျက်ရှိသည်။ ထိုအတောအတွင်း ဝန်ကြီးချုပ် ဂူစမာယိုသည် ဘေးမသီ ရန်မခဘဲ ထွက်ပြေးလွတ်မြောက်သွားသည်။

ဆေးကုသမှုခံယူ

သမ္မတ ရာမို့စ်ဟော်တာသည် ဩစတြေးလျနိုင်ငံ ဒါဝင်မြို့ ဆေးရုံ၌ ဆေးကုသမှု ခံယူလျက်ရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဘယ်လ်ဂျီယံ အနောက်မြောက်ပိုင်း နယ်စပ်မြို့၌ ဘိန်းဖြူ၂၆ကီလိုဂရမ်ဖမ်းမိ

ဆိုဖီယာ ဖေဖော်ဝါရီ ၁၇

ဘယ်လ်ဂျီယံနိုင်ငံ အနောက်မြောက်ပိုင်း ရိုမေးနီးယား နိုင်ငံနှင့် ထိစပ်လျက်ရှိသော နယ်စပ်မြို့တစ်မြို့ဖြစ်သည့် ဗီဒင်မြို့ရှိ စစ်ဆေးရေးဂိတ်၌ ဘိန်းဖြူ ၂၆ကီလိုဂရမ်ကို ဘယ်လ်ဂျီယံ အကောက်ခွန်အရာရှိများက ဖေဖော်ဝါရီ ၁၆ရက်က ဖမ်းဆီးနိုင်ခဲ့ကြောင်း ဒေသတွင်း သတင်းဌာနများက သတင်းထုတ်ပြန်သည်။

တာဝန်ကျ အကောက်ခွန်အရာရှိများက အသက် ၃၆နှစ်အရွယ်ရှိ ဘယ်လ်ဂျီယံ အမျိုးသားတစ်ဦးနှင့် အသက် ၃၄နှစ်အရွယ်ရှိ အမျိုးသမီးတို့ မောင်းနှင်လာသည့်ကားအား ရှာဖွေရာမှ ဘိန်းဖြူများကို ဖမ်းမိခဲ့ခြင်း ဖြစ်ကြောင်း၊ အဆိုပါ ဘိန်းဖြူများအား အထုပ် ၃၂ထုပ်ခွဲကာ ကားကိုယ်ထည်အတွင်း ဝှက်၍ သယ်ဆောင်လာခြင်း ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖမ်းဆီးမိ

ဖမ်းဆီးရမိသော ဘိန်းဖြူတန်ဖိုးမှာ ဥရောပသုံး ယူရိုငွေ သုံးသန်းခန့်တန်ဖိုးရှိပြီး ဥရောပအနောက်ပိုင်းသို့ သယ်ယူပို့ဆောင်ရန် ကြိုးပမ်းစဉ် ဖမ်းမိခဲ့ခြင်း ဖြစ်သည်။

ဘယ်လ်ဂျီယံနိုင်ငံသည် အာရှနှင့် အရှေ့အလယ်ပိုင်း ဒေသများမှ အနောက် ဥရောပသို့ ဘိန်းဖြူသယ်ဆောင်ရာ အဓိကလမ်းကြောင်းတွင် တစ်ခုအပါအဝင်ဖြစ်ကြောင်း ဆင်ဟွာ သတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကမ္ဘာ့အသက်အကြီးဆုံးလူသား

ဂျေရုဆလမ် ဖေဖော်ဝါရီ ၁၇

အစ္စရေးနိုင်ငံမှ အဘွားတစ်ဦးသည် ကမ္ဘာ့အသက်အကြီးဆုံး ပုဂ္ဂိုလ်ဖြစ်နိုင်ကြောင်း (အပေါ်ပုံ) **၎င်း၏ မိသားစုတစ်ဦးက ပြောကြားသည်။**

အသက် ၁၂၀ရှိ အဘွားအမက်ချ်သည် အစ္စရေးနိုင်ငံ မြောက်ပိုင်း ဂါ်ဆာ အက်ဇာကွာအမည်ရှိ အာရပ်မြို့၌ နေထိုင်လျက်ရှိသည်။

မှတ်တမ်းတင်

ဂင်းနက်စ်မှတ်တမ်းအရ လောလောဆယ်တွင် အသက် ၁၁၄ နှစ်ရှိ အိန္ဒိယအမျိုးသမီးတစ်ဦးသည် ကမ္ဘာ့အသက်အကြီးဆုံး ပုဂ္ဂိုလ်အဖြစ် မှတ်တမ်းတင်ထားသည်။

ကမ္ဘာ့ဂင်းနက်စ်မှတ်တမ်းအဖွဲ့က အဘွားအမက်ချ်အသက်ကို အတည်ပြုနိုင်မည်ဆိုလျှင် ၎င်းသည် ကမ္ဘာ့အသက်အကြီးဆုံး ပုဂ္ဂိုလ်ဖြစ်လာနိုင်သည်။

ပြောကြား

အဘွားအမက်ချ်က ပြောကြားရာတွင် ၎င်းသည် ကမ္ဘာပေါ်တွင် အသက်အကြီးဆုံးသူဖြစ်ကြောင်း၊ နောက်ထပ် အသက် ၁၀ နှစ် နေသွားနိုင်ကြောင်း အဘွားအမက်ချ်က ပြောကြားသည်။

နေထိုင်လျက်ရှိ

ယခုအခါ အဘွားအမက်ချ်သည် သားသမီး ၁၀ ဦး၊ မြေး ၁၂၀၊ မြစ် ၂၅၀၊ တီ ၃၀ တို့နှင့်အတူ ကျန်းမာစွာ နေထိုင်လျက်ရှိကြောင်း သိရသည်။

(အင်တာနက်)

မုန်တိုင်းဒဏ်ခံရသော ဘင်္ဂလားဒေ့ရှ်ပြည်သူများ အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရ

ဒါကာ ဖေဖော်ဝါရီ ၁၇

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌တိုက်ခတ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်းများကြောင့် လူပေါင်း ၁ဒသမ ၃သန်းမှာ ယာယီတဲများဖြင့် နေထိုင်နေရဆဲဖြစ်ကြောင်း **(ယာပုံ)** ကမ္ဘာ့ လူမှုရေးဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်သည့် အော့ဖန်းက သတိပေး ပြောကြားလိုက်သည်။



ပျက်စီးခဲ့

ရာထောင်ချီသော မိသားစုများသည် မုန်တိုင်းဒဏ်ကြောင့် နေအိမ်များ ပျက်စီးခဲ့ရသဖြင့် ပလတ်စတစ် အမိုးအကာတဲများဖြင့် နေထိုင်နေရဆဲဖြစ်ကြောင်း အဆိုပါ အဖွဲ့က ပြောကြားသည်။

သေဆုံး

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ပြီးခဲ့သည့်နှစ် နိုဝင်ဘာလက တိုက်ခတ်ခဲ့သော ဆီဒါမုန်တိုင်းကြောင့် လူပေါင်း ၃၅၀၀ သေဆုံးခဲ့ရပြီး နေအိမ် သန်းနှင့်ချီ၍ ပျက်စီးဆုံးရှုံးခဲ့ရသည်ဟု ဆိုသည်။

(အင်တာနက်)

အီရတ် မိသားစုဝင်ကိုးဦး သေနတ်သမား ပစ်သတ်၍ သေဆုံး

တီကရစ်(အီရတ်) ဖေဖော်ဝါရီ ၁၇

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြောက်ပိုင်း ဆာလာဟူဒင် ပြည်နယ် အော်ဂျာကျေးရွာ၌ အိမ်ထောင်စုဝင် ကိုးဦးပါ မိသားစု တစ်စုအား သေနတ်သမားတစ်ဦးက ပစ်သတ်သွားခဲ့ကြောင်း ပြည်နယ်ရဲသတင်းရပ်ကွက်က ပြောကြားသည်။

ပစ်သတ်

အဆိုပါကျေးရွာရှိ လာဘစ်အလီအယ်ဗိုင်ဒန်း၏ နေအိမ်သို့ သေနတ်သမားတစ်ဦးဝင်ရောက်လာပြီး မိသားစုဝင် ကိုးဦးစလုံးကို ပစ်သတ်လိုက်ကြောင်း သတင်းရပ်ကွက်က ဆင်ဟွာသို့ ပြောကြားသည်။

ဆက်လက်စုံစမ်း

ယင်းကျေးရွာသည် ဆက်ဒမ်ဟူစိန်၏ ဇာတိ ကျေးရွာ ဖြစ်သည်။ ၎င်းပစ်ခတ်မှုနှင့်ပတ်သက်ပြီး ရဲတပ်ဖွဲ့က ဆက်လက် စုံစမ်းနေဆဲ ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

❒ **အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တွင် ဖေဖော်ဝါရီ၁၆ရက်က အအေးလှိုင်းကျရောက်ပြီး အပူချိန်ရေခဲမှတ်အထိ ကျဆင်းခဲ့သဖြင့် ကိုးဦးသေဆုံးခဲ့သည်။** (အောက်ပုံ)

◆ အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် မက်ကွတ်မြို့အနီး၌ ဖေဖော်ဝါရီ ၁၆ရက်က ဓာတ်ငွေ့ပိုက်လိုင်းတစ်ခု ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လေးဦး ဒဏ်ရာရရှိခဲ့ပြီး ဓာတ်ငွေ့ဖြန့်ဖြူးမှုလည်း ရပ်ဆိုင်းခဲ့သည်။

❒ **အင်ဒိုနီးရှားနိုင်ငံ ဂျားဗားပြည်နယ် အလယ်ပိုင်း၌ ဖေဖော်ဝါရီ ၁၆ ရက်က ကြက်ငှက်တုပ်ကွေးရောဂါကြောင့် အသက် ၁၆နှစ်အရွယ် လူငယ်တစ်ဦး ထပ်မံသေဆုံးခဲ့သည်။**

◆ အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် ဖေဖော်ဝါရီ၁၆ရက်က မော်တော်ယာဉ် အလုပ်ရုံတစ်ခုအနီး ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ နှစ်ဦးဒဏ်ရာရရှိပြီး အနီးရှိအဆောက်အအုံများ ပျက်စီးခဲ့သည်။

❒ **ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ်အရှေ့ပိုင်း၌ ဖေဖော်ဝါရီ၁၆ရက်က ဂျက်တိုက်လေယာဉ်တစ်စင်း ပျက်ကျခဲ့ရာ လေယာဉ်မှူးသေဆုံးခဲ့သည်။**

◆ ကနေဒါနိုင်ငံ အော့တဝါမြို့၌ ဖေဖော်ဝါရီ ၁၆ ရက်က မော်တော်ကားခြောက်စီး ဆက်တိုက် တိုက်မှုဖြစ်ပွားရာ ခြောက်ဦးသေဆုံးပြီး ၁၀ဦးဒဏ်ရာရရှိခဲ့သည်။

❒ **အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့အနောက်ဘက် မိုင်၁၈၀ခန့်အကွာ အဝေးပြေးလမ်းမပေါ်၌ ဖေဖော်ဝါရီ၁၆ရက်က မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်သို့ သစ်ပင်ကြီးတစ်ပင်လဲကျခဲ့ရာ သုံးဦးသေဆုံးပြီး မော်တော်ယာဉ်လည်း ပျက်စီးခဲ့သည်။**

◆ တောင်တရုတ်ပင်လယ်ပြင်တွင် ဖေဖော်ဝါရီ ၁၆ရက်က မုန်တိုင်းတိုက်ခတ်ခဲ့ရာ ငါးဖမ်းစက်လှေများ တိမ်းမှောက်ပြီး ငါးဖမ်းသမားလေးဦး ပျောက်ဆုံးလျက်ရှိသည်။

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၁၇-၂-၂၀၀၈

အစ္စရေးတောင်ပိုင်းသို့ ဂါဇာမှ ဒုံးကျည်ဖြင့် ပစ်ခတ်

ပါလက်စတိုင်းလက်နက်ကိုင်များက အစ္စရေးနိုင်ငံတောင်ပိုင်းသို့ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း အစ္စရေးအရာရှိများက ပြောကြားသည်။

ယခုကဲ့သို့ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းမှာ မကြာမီက ပါလက်စတိုင်းရှစ်ဦးသေဆုံးခဲ့ရသည့် အစ္စရေးတို့လေကြောင်းမှ တိုက်ခိုက်မှုကို တုံ့ပြန်ခြင်းဖြစ်ကြောင်း ပါလက်စတိုင်းလက်နက်ကိုင်များက ပြောကြားသည်။

မဲခေါင်ရေလွှမ်းမှုဆိုင်ရာဖိုရမ် ကမ္ဘောဒီးယား၌ ကျင်းပမည်

ကမ္ဘောဒီးယားနိုင်ငံက (၆)ကြိမ်မြောက် မဲခေါင်ရေလွှမ်းမှုဆိုင်ရာ ဖိုရမ်ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း ကမ္ဘောဒီးယားအရာရှိများက ပြောကြားသည်။

အဆိုပါဖိုရမ်ကို လာမည့် မေ ၂၇ ရက်မှ ၂၈ ရက်အထိ ဖနောင်ပင်မြို့၌ ကျင်းပမည်ဖြစ်ပြီး မဲခေါင်မြစ်ရေလွှမ်းမှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြမည်ဖြစ်သည်။

လက်ဘနွန်စစ်ဘက် အကြီးအကဲခန့်အပ်

လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့၌ ဗုံးခွဲတိုက်ခိုက်မှုကြောင့် သေဆုံးသွားသော ဟစ်ဇ်ဘိုလာ စစ်ဘက်အကြီးအကဲနေရာအတွက် အစားထိုးခန့်အပ်လိုက်ကြောင်း လက်ဘနွန်အရာရှိများက ပြောကြားသည်။

အသစ်ခန့်အပ်လိုက်သော လက်ဘနွန်စစ်ဘက်၏ အကြီးအကဲမှာ ဗိုလ်ချုပ်ကြီးအိုင်မက်မိုရင်လတ်ဖြစ်သည်ဟု ၎င်းတို့က ပြောကြားသည်။

အရှေ့အလယ်ပိုင်းပြဿနာများ အီဂျစ်နှင့်ဂျော်ဒန်ဘုရင်တို့ဆွေးနွေး

အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးကိစ္စနှင့်ပတ်သက်ပြီး အီဂျစ်နိုင်ငံ ပင်လယ်နီအပန်းဖြေစခန်း၌ အီဂျစ်သမ္မတဟိုစနီမူဘာရက်နှင့် အလည်အပတ်ရောက်ရှိနေသော ဂျော်ဒန်ဘုရင် အဗ္ဗဒူလာ-၂တို့ ဆွေးနွေးခဲ့ကြသည်။

ခေါင်းဆောင်နှစ်ဦးအနေဖြင့် ပါလက်စတိုင်းကိစ္စ၊ လက်ဘနွန် အကျပ်အတည်းနှင့် အီရန်နျူကလီးယား ပြဿနာများကိုလည်း ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

နှစ် သန်း၅၈၀ ခန့်က ကျောက်ဖြစ်ရုပ်ကြွင်း တရုတ်အနောက်တောင်ပိုင်း၌ တွေ့ရှိ

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း၌ လွန်ခဲ့သောနှစ်သန်းပေါင်း၅၈၀ခန့်က အရိုးစုကို ရှာဖွေတွေ့ရှိခဲ့ကြကြောင်း တရုတ်သုတေသန ပညာရှင်များက ပြောကြားသည်။

အဆိုပါကျောက်ဖြစ်ရုပ်ကြွင်းသည် အချင်း၀က် သုံးစင်တီမီတာရှိသော ရေးခေတ်သတ္တဝါတစ်ကောင်၏ အရိုးစုဖြစ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

နိုင်ငံခြားသားများမြေဝယ်ယူရန် ကမ္ဘောဒီးယားခွင့်မပြု

ကမ္ဘောဒီးယားနိုင်ငံတွင် နိုင်ငံခြားသားများအနေဖြင့် မြေဝယ်ယူခွင့်ကို ခွင့်ပြုမည်မဟုတ်ကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆင်က ပြောကြားသည်။

မိမိတို့နိုင်ငံအတွင်း မိမိတို့ပိုင်ဆိုင်သည့် မြေယာများအား မည်သည့်နိုင်ငံခြားသားကိုမျှ ရောင်းချမည်မဟုတ်ကြောင်း ယင်းအချက်ကို ပြည်သူများကလည်း ထောက်ခံကြကြောင်း မစ္စတာဟွန်ဆင်က ဆက်လက်ပြောကြားသည်။

ဆီးရီးယားနှင့်အီရန် လက်တွဲပူးပေါင်းမည်

ပါလက်စတိုင်း၊ လက်ဘနွန်နှင့်အီရတ်အရေးကိစ္စရပ်များနှင့် ပတ်သက်၍ ဒေသတွင်း နောက်ဆုံးဖြစ်ပေါ်နေသော အခြေအနေများကို ဆီးရီးယားသမ္မတ ဘာရှာအယ်အာဆတ်နှင့် ဆီးရီးယားနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော အီရန်နိုင်ငံခြားရေးဝန်ကြီးတို့ ဆွေးနွေးကြသည်။

ဒေသတွင်းအနာဂတ်၌ ဖြစ်ပေါ်နိုင်သော အခြေအနေများအပေါ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ကြရေးနှင့် အပြန်အလှန်ဆက်ဆံရေးတိုးတက်ဖြစ်ထွန်းစေရန်အတွက် နီးနီးကပ်ကပ် လက်တွဲဆောင်ရွက်သွားကြရန် ဆွေးနွေးခဲ့ကြသည်။

ဘဝဒဿနအမြင်

■ **Measure is medicine.**
တန်ဆေး လွန်ဘေး။

ဝိလ်ရောဂျားစ်(ဟာသဆရာ)

■ **Barking of the dog cannot move the mountain.**
ခွေးဟောင်၍ တောင်မရွေ့။

အီစွပ်ပုံပြင်

နိုင်ငံခြားသတင်း ဘာသာပြန်ဆိုရာတွင်...

အမ်အမ်အေ

ထိုင်းနိုင်ငံ ချင်းမိုင်လေဆိပ်မှ သက်သာသောလေယာဉ်ခဖြင့် ပြေးဆွဲပေးသည့် ခရီးသည်တင် လေယာဉ်တစ်စင်း အရေးပေါ် ပြန်လည်ဆင်းသက်လိုက်ရသည့် သတင်းတစ်ပုဒ်ကို ဘာသာပြန်ပြပါမည်။ ခေါင်းစဉ်နှင့် ပထမစာပိုဒ်မှာ အောက်ပါအတိုင်းဖြစ်သည်-

Budget plane makes emergency land in Chiang Mai

Bangkok, 16 Feb-

A plane of Thailand's One-Two-Go Airline on Friday evening made an emergency landing in northern city of Chiang Mai, only 10 minutes after take-off due to technical problem.

ပထမစာပိုဒ်ပြန်ဆိုချက်။ ။ လေယာဉ်ခသက်သာသည့်နှုန်းဖြင့် ပြေးဆွဲပေးသည့် ထိုင်းနိုင်ငံမှ ဝမ်းတူးဂိုးလေကြောင်းပိုင် ခရီးသည်တင် လေယာဉ်တစ်စင်းသည် ချင်းမိုင်လေယာဉ်ကွင်းမှ ပျံတက်ပြီး ၁၀ မိနစ်အကြာတွင် စက်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှုကြောင့် သောကြာနေ့ညနေက အရေးပေါ်ဆင်းသက်ခဲ့ရသည်။

The Flight OG 8127, full of passengers, departed at 5:30 pm (1030 GMT) from Chiang Mai. But 10 minutes later passengers were informed there were technical problems and the plane had to return to Chiang Mai International Airport to have the machine repaired. The plane landed safely without any casualties.

ဒုတိယစာပိုဒ်ပြန်ဆိုချက်။ ။ လေယာဉ်ခရီးစဉ်အမှတ် အိုဂျီ ၈၁၂၇ ဖြင့် ခရီးသည်အပြည့် တင်ဆောင်လာသည့် ထိုလေယာဉ်သည် ညနေ ၅ နာရီခွဲတွင် ချင်းမိုင်လေယာဉ်ကွင်းမှ ထွက်ခွာသည်။ သို့သော် ၁၀ မိနစ်အကြာတွင် စက်ချွတ်ယွင်းသဖြင့် ချင်းမိုင်နိုင်ငံတကာလေဆိပ်သို့ ပြန်လည် ဆင်းသက်ပြင်ဆင်ရမည့်အကြောင်း ခရီးသည်များအား အသိပေးသည်။ လေယာဉ်သည် ထိခိုက်မှုတစ်စုံတစ်ရာမရှိဘဲ ချောမောစွာ ပြန်လည်ဆင်းသက်နိုင်ခဲ့သည်။

A passenger was quoted by local news network *The Nation* as saying that the plane shook heavily and air-conditioners had very loud noise while the plane was taking off.

MNA / Xinhua

တတိယစာပိုဒ်ပြန်ဆိုချက်။ ။ နေရှင်းသတင်းစာက ခရီးသည်တစ်ဦးအား ကိုးကားဖော်ပြရာတွင် လေယာဉ်ကွင်းမှ ပျံတက်ချိန်တွင် လေယာဉ်သည် အလွန်လှုပ်ခါနေပြီး လေအေးပေးစက်များသည်လည်း အသံများကျယ်လောင်လာသည်ဟု ဆိုသည်။

သုံးသပ်ချက်။ ။ ခေါင်းစဉ်ပါ budget စကားလုံးကို သတိပြုမိပါလိမ့်မည်။ ဤသတင်းတွင် ဈေးသက်သာသော ဟူသော အဓိပ္ပာယ်ရှိသည်။ ခေါင်းစဉ်၌ သာပါပြီး ပထမပိုဒ်တွင် ထည့်မထားသဖြင့် ယင်းအနှစ်သာရကို ပထမပိုဒ်၌ ထပ်ထည့်၍ ပြန်ဆိုပါသည်။ အခြားခက်ခဲသော ဝေါဟာရမပါရှိသော်လည်း ရိုးရှင်းလွယ်ကူသည့်သတင်းကို အလားတူ လွယ်ကူရှင်းလင်းအောင် ပြန်ဆိုသဘောပေါက်ရန် ရည်ရွယ်ပါသည်။ ။

ပါကစ္စတန်၌ အစိုးရတပ်ဖွဲ့ဝင်များထံ စစ်သွေးကြွ ၉၀ အလင်းဝင်ရောက်

အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၁၇

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် စစ်သွေးကြွ၉၀ တို့သည် ဖေဖော်ဝါရီ ၁၆ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လက်နက်ချအလင်းဝင်ရောက်ခဲ့ကြသည်။

ကတိပြု

အနောက်မြောက် ဖရွန်တီယာပြည်နယ် ဆဝက်ခရိုင်တွင် စစ်သွေးကြွ ၉၀ က ဒေသဆိုင်ရာ အာဏာပိုင်များထံ လက်နက်ချသည့် အခမ်းအနားသို့ ဒေသဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း ပါကစ္စတန် အေပီ သတင်းဌာနက သတင်းထုတ်ပြန်သည်။ ၎င်းတို့သည် အနာဂတ်တွင် အေးချမ်းစွာနေထိုင်မည်ဟု ကတိပြုခဲ့ကြကြောင်းလည်း သတင်း၌ ဖော်ပြသည်။

ဖော်ပြ

ထိုအတောအတွင်း၌ ဆဝက်ခရိုင် တက်ချ်ဆီလ်ကဘောလ် ဒေသတွင် အခြားစစ်သွေးကြွ ရှစ်ဦးကိုလည်း တပ်ဖွဲ့ဝင်များက ဖမ်းမိခဲ့ကြောင်း သတင်း၌ ဖော်ပြသည်။

လွန်ခဲ့သည့်နှစ် နိုဝင်ဘာလက ယင်းဒေသတွင်းရှိ စစ်သွေးကြွများကို ရှင်းလင်းရန် အစိုးရက ကတိပြုခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက အဓိကထိုးစစ်ဆင်မှုကြီးတစ်ရပ်အဖြစ် ဆင်နွှဲခဲ့သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တရုတ်၌ ယာဉ်မတော်တဆမှု ခြောက်ဦးသေဆုံး

နန်နင်း ဖေဖော်ဝါရီ ၁၇

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ကွမ်စီကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ဟီရှီမြို့အနီးတွင် ဖေဖော်ဝါရီ ၁၅ ရက်က ဆီဒင်ကားတစ်စီး လမ်းဘေးထိုးကျခဲ့ရာ ခြောက်ဦးသေဆုံးခဲ့ကြောင်း ရဲအဖွဲ့က ဖေဖော်ဝါရီ၁၆ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

လူခြောက်ဦး စီးနင်းလိုက်ပါလာသော ကားသည် နန်နင်းမြို့မှ အနောက်မြောက်ဘက် ကီလိုမီတာ ၂၃၀ အကွာ ဒါယမ်ရွာအနီးတွင် အဆိုပါည ၁၀ နာရီခန့်က အရှိန်လွန်ကာ ၁၀ ပေကျော်နက်သော ရေအိုင်အတွင်းသို့ ထိုးကျခဲ့ကြောင်း ရဲအဖွဲ့က ပြောကြားခဲ့သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဆေးပဒေသာပင် ပေးအပ်လှူဒါန်း

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် စစ်တွေမြို့ ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးအတွက် ဆေးပဒေသာပင် အလှူငွေကျပ် ငါးသိန်းကို ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

လူငယ်လူရွယ်များအား အတတ်ပညာသာမက နိုင်ငံချစ်စိတ်နှင့် မျိုးချစ်စိတ်များ ရှင်သန်တိုးပွားလာအောင် လေ့ကျင့်သင်ကြား

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် စစ်တွေ တက္ကသိုလ် ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများအား ရင်းရင်း နှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

❒ ရှေ့ဖုံးမှ

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်မောင်ရှိန်၊ စစ်တွေတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းထွန်းအောင်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက စစ်တွေလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် စစ်တွေလေဆိပ် စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီးချုပ်အား ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေက စစ်တွေလေဆိပ်ဆိုင်ရာ အချက်အလက်များ၊ လေဆိပ်အဆောက်အအုံ တိုးချဲ့တည်ဆောက်ပြီးစီးမှု၊ လေယာဉ်ပြေးလမ်း၊ လေယာဉ်ရပ်နားနေရာ တိုးချဲ့ပြုပြင်ဆောင်ရွက်မှု၊ လေယာဉ်ပြေးလမ်းတစ်ခုလုံးအား လေးလက်မထု ထပ်ပိုးလွှာတင်ခြင်း၊ ရေနုတ်မြောင်းများတူးဖော်ခြင်းနှင့် လေယာဉ်ပြေးလမ်း လမ်းပခုံးများ ပြုပြင်မှုအခြေအနေများကို ပဏာမ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှိုင်က လေယာဉ်ကွင်း ပြုပြင်အဆင့်မြှင့်တင်ရာတွင် ဆောင်ရွက်ပြီးစီးသည့်မြေကြီးလုပ်ငန်း၊ ကျောက်ကတ္တရာထပ်ပိုးလွှာတင်ခြင်းလုပ်ငန်း၊ စက်ယန္တရားများနှင့် လုပ်ငန်းသုံးပစ္စည်းများ စုဆောင်းထားရှိမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဦးစားပေး

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ရရှိသည့် ရန်ပုံငွေ၊ စက်ယန္တရားနှင့် လုပ်ငန်းသုံးပစ္စည်းစုဆောင်းရရှိမှု အခြေအနေအရ လုပ်ငန်းတစ်ရပ်လုံး တစ်ချိန်တည်း ဆောင်ရွက်နိုင်ခြင်းမရှိပါက အရေးကြီးသည့် လေယာဉ်ပြေးလမ်း ပြီးစီးအောင် ဆောင်ရွက်ရေး၊ ရေမြောင်းတူးဖော်ရေးလုပ်ငန်းများကို မိုးမကျမီပြီးစီးအောင် ဦးစားပေးသတ်မှတ်ဆောင်ရွက်ကြရန် မှာကြားသည်။

စစ်တွေလေဆိပ်လေယာဉ်ပြေးလမ်းမှာ အရှည်ပေ ၆၀၀၀နှင့် အကျယ်ပေ ၁၅၀ရှိပြီး ပြေးလမ်းအထု ၁၂ လက်မ၊ မျက်နှာပြင်အမျိုးအစားမှာ ကျောက်ကတ္တရာခင်းထား၍ ပြေးလမ်းခံနိုင်ရည်အားသည် ပေါင် ၇၃၀၀၀ဖြစ်သည်။ လေယာဉ်ရပ်နားရာနေရာသည် အရှည်ပေ ၆၀၀၊ အကျယ်ပေ ၃၀၀ကျယ်ဝန်းပြီး လေယာဉ်သွားလမ်းမှာ အရှည် ၅၂၅ပေနှင့် အကျယ် ၇၅ ပေရှိသည်။

အမှာစကားပြောကြား

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်သည် စစ်တွေမြို့ မြို့တော်ခန်းမ၌ စစ်တွေခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲတွင် ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်က ရခိုင်ပြည်နယ်သည် ဧရိယာစတုရန်းမိုင်၁၄၂၀၀ကျယ်ဝန်းပြီး ကမ်းရိုးတန်းမိုင် ၃၆၀ ရှည်လျားသည့် ပင်လယ်ကမ်းခြေရှိ ပြည်နယ်တစ်ခုဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြပြီး ရခိုင်ပြည်နယ်၏ ဖွဲ့စည်းမှု၊ မြေယာအသုံးချမှု၊ မိုးစပါးစိုက်ပျိုး ရိတ်သိမ်းထွက်ရှိမှု၊ နွေစပါးစိုက်ပျိုးမှု အခြေအနေများနှင့် ဒေသဝမ်းစာဖူလုံမှု အခြေအနေ၊ အဓိကသီးနှံ ၁၀မျိုး လျာထားမှုနှင့် အမှန်စိုက်ပျိုးပြီးစီးမှု၊ ပန်းတိုင်အထွက်နှုန်း ရရှိရေးဆောင်ရွက်နိုင်မှု၊ သီးနှံအလိုက် မျိုးကောင်းမျိုးသန့်ပြောင်းလဲမှု၊ ဆီထွက်သီးနှံစိုက်ပျိုးမှုနှင့် ဆီဖူလုံမှုအခြေအနေ၊ ငရုတ်ကောင်း၊ ကော်ဖီ၊ လက်ဖက် စသည့် အမယ်သစ်သီးနှံစိုက်ပျိုးမှု၊ ရော်ဘာ၊ ဆီအုန်း၊ သစ်ဆိမ့်နှင့်နှစ်ရှည်ပင်စိုက်ပျိုးမှု၊ ခြံစည်းရိုးကြက်ဆူစိုက်ပျိုးမှု၊ ငါးပုစွန် တိုးချဲ့မွေးမြူမှုလုပ်ငန်းများနှင့် မေယုတောင်တန်း ရော်ဘာဧကတစ်သိန်း စိုက်ပျိုးရေးစီမံကိန်း အခြေအနေ၊ ရခိုင်ပြည်နယ်အတွင်း လမ်း၊ တံတားနှင့် ရေလှောင်တမံစီမံကိန်း၊ နယ်စပ်ကုန်သွယ်ရေး အခြေအနေများ၊ ပြည်နယ်၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များကို မေးမြန်း၍ လိုအပ်သည်များကို ညှိနှိုင်းစီမံဖြည့်ဆည်းပေးပြီး အမှာစကားပြောကြားရာတွင် မိမိနှင့်အတူ နယ်မြေတာဝန်ခံနှင့် အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ ပါဝင်သည့်အဖွဲ့သည် ရခိုင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဆက်လက်အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် လာရောက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ မိမိအနေဖြင့် ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်များရှိ မြို့နယ်များသို့လည်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်ချက်များကို ဖြည့်ဆည်းစီမံဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

ရခိုင်ပြည်နယ်သည် ဧရိယာစတုရန်းမိုင် ၁၄၀၀၀ကျော် ကျယ်ဝန်းပြီး တိုင်းရင်းသားပေါင်းစုံ သုံးသန်းကျော်တို့ အစဉ်အဆက်ဆက်ကပင် အတူတကွ လက်တွဲနေထိုင်လာခဲ့ကြောင်း၊ တောင်တန်းနှင့် သစ်တောများ ထူထပ်စွာပေါက်ရောက်သည့်ဒေသဖြစ်သည့်အပြင် ရှည်လျားသည့် ပင်လယ်ကမ်းခြေနှင့် ရေထွက်ပစ္စည်းပေါများကြွယ်ဝသည့် ရေခံ၊ မြေခံကောင်းများဖြင့် ပြည့်စုံသည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ ဆန်စပါး၊ သားငါး နှင့် ရေထွက်ပစ္စည်းများကိုလည်း ပြည်နယ်အတွက်ဖူလုံရုံသာမက စီးပွားဖြစ် ထုတ်လုပ်ရောင်းချနိုင်သည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း။

ဖွံ့ဖြိုးမှုနှောင့်နှေးခဲ့

တစ်ချိန်က လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် ဖွံ့ဖြိုးမှုနှောင့်နှေးခဲ့ရသည့်အပြင် နိုင်ငံ၏အခြားဒေသများတွင်နေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားများနှင့်ပင် အနေဝေးသကဲ့သို့ဖြစ်ခဲ့ရကြောင်း၊ ထို့အတူ ပြည်နယ်၏တောင်ပိုင်းနှင့် မြောက်ပိုင်းဆက်စပ်သွားလာရေးမှာပင် အခက်အခဲများရှိနေရကြောင်း။

နိုင်ငံတော်အကြီးအကဲက ရခိုင်ပြည်နယ်၏ ယင်းအခြေအနေအခက်အခဲကို ကျော်လွှားလွန်မြောက်စေရန်အတွက် ရန်ကုန်–စစ်တွေ ပြည်ထောင်စုလမ်းမကြီးကို ၁၉၉၆ ခုနှစ်က စတင်ဖောက်လုပ်ခဲ့ရာ ၂၀၀၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင်ဖွင့်လှစ်အသုံးပြုလာနိုင်ခဲ့ကြောင်း၊ ထိုလမ်းကိုဖောက်လုပ်ခဲ့ရာမှာလည်း သာမန် မြေပြန့်လွင်ပြင်မျိုးမဟုတ်ဘဲ တောတောင်မြစ်ချောင်းများကိုကျော်ဖြတ်ပြီး ခက်ခက်ခဲခဲ ဖောက်လုပ်ပေးခဲ့ရခြင်းဖြစ်ကြောင်း၊ အဆိုပါလမ်းပေါ်တွင် မြစ်ကူးချောင်းကူးတံတားကြီး ၁၀ စင်းနှင့် တံတားငယ် ၈၀၀ကျော်ကို ငွေကြေးအမြောက်အမြားသုံးစွဲပြီး ခက်ခက်ခဲခဲမဖြစ်ဖြစ်အောင် ဖောက်လုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း။

တီထွင်ကြံဆ

ထို့အတူ ရခိုင်ပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းဆက်စပ်နိုင်ရန်နှင့် ပဲခူးတိုင်း၊ ဧရာဝတီတိုင်းတို့နှင့် ဆက်စပ်သွားလာနိုင်ရန် ရန်ကုန်–ကျောက်ဖြူလမ်းမကြီးကိုလည်း ခက်ခက်ခဲခဲဖောက်လုပ်ပေးခဲ့ကြောင်း၊ အဆိုပါလမ်းမကြီးတွင် ပါဝင်သည့် မအီအပိုင်း၊ မအီ–စနဲ(ခုံမင်)အပိုင်းများဆိုလျှင် ဖြူးတော၊ ရွှံ့မြေ၊ မြေပျော့တို့ကို ဖြတ်သန်းရသည့်အတွက် ခက်ခဲစွာတီထွင်ကြံဆ၍ တချို့လမ်းအပိုင်းများတွင် Geo Textile နည်းဖြင့် ဖောက်လုပ်ပေးခဲ့ရပြီး တံတားကြီး ၁၄ စင်းနှင့် တံတားအလတ်၊ အသေး ၆၈၀ ကျော်တို့ပါ ထည့်သွင်း တည်ဆောက်ခဲ့ရကြောင်း။

ပြောရလျှင် အဆိုပါလမ်းများမှာ ပြည်နယ်သားများအနေဖြင့် စိတ်ကူးယဉ်အိပ်မက်အဖြစ်ပင် တွေးမြင်မိကြမှာ မဟုတ်ကြောင်း၊ တိုင်းရင်းသားများအပေါ်ထားရှိသည့် နိုင်ငံတော်၏စေတနာစေ့ဆော်မှုများကြောင့် မဖြစ်ဖြစ်အောင် တီထွင်ကြံဆပြီး ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း။

ပေါင်းစပ်ကြိုးပမ်း

ထို့ကြောင့် ပြည်နယ်အတွင်းနေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားများအားလုံးကလည်း ပြည်နယ်အတွင်းတွင်ရှိပြီးဖြစ်သည့် သဘာဝအရင်းအမြစ်များနှင့် နိုင်ငံတော်အစိုးရက ဖန်တီးဖော်ဆောင်ပေးထားသည့် အခွင့်အလမ်းကောင်းများကိုပေါင်းစပ်ပြီး မိမိတို့နှင့်အတူ ပြည်နယ်ကြီးတစ်ခုလုံးပါ ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ထို့အတူ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက မိမိတို့လူနေမှုဘဝ လုံခြုံစွာဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အခြေခံလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ဝိုင်းဝန်းတည်ဆောက်ကာကွယ်သွားကြရန် မှာကြားလိုကြောင်း။

ဖောင်တော်ကြီး ဆိပ်ခံတံတား

စစ်တွေဆိပ်ကမ်း ဖောင်တော်ကြီး ဆိပ်ခံတံတားကို တွေ့ရစဉ်။

(သတင်းစဉ်)

ထို့ပြင် နိုင်ငံတော်က ရခိုင်ပြည်နယ်အတွင်း တည်ဆောက်ပေးထားသည့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခြေခံကောင်းများကို ပြည်သူများအပိုင်းက လက်တွေ့အကျိုးရှိရှိအသုံးချသွားကြရန်လိုသကဲ့သို့ သက်ဆိုင်ရာနိုင်ငံ့ဝန်ထမ်းများအပိုင်းကလည်း နိုင်ငံတော်အစိုးရ၏ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ မျှော်မှန်းချက်များကို ပြည်သူများအပြည့်အဝခံစားစေရအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ကြေညာထား

ယနေ့နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ဆန္ဒနှင့်အညီ ဒီမိုကရေစီနိုင်ငံတော်အဖြစ် ညင်သာစွာ အသွင်ကူးပြောင်းနိုင်ရေးအတွက် မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်ပြီး တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ မူဝါဒလမ်းစဉ်(၇)ရပ်အနက် ပထမနှင့် ဒုတိယလုပ်ငန်းစဉ်များ ပြီးစီးပြီဖြစ်၍ တတိယလုပ်ငန်းစဉ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲလျက်ရှိရာ ပြီးစီးတော့မည်ဖြစ်၍ အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်သူများ၏ ဆန္ဒဖြင့်အတည်ပြုပေးနိုင်ရန် လာမည့် မေလတွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပသွားမည်ဖြစ်ကြောင်းကို ကြေညာထားပြီးဖြစ်ကြောင်း။

ထို့ပြင်ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၂၀၁၀ပြည့်နှစ်တွင် ကျင်းပပေးမည်ဖြစ်ကြောင်းကိုလည်း ကြေညာထားပြီးဖြစ်ကြောင်း။

တစ်ပြိုင်တည်းဆောင်ရွက်

နိုင်ငံတော် အစိုးရအနေဖြင့် ပြည်သူများ လိုလား တောင့်တနေသည့် ဒီမိုကရေစီနိုင်ငံတော် အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များကို တစိုက်မတ်မတ် ဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့ တိုင်းရင်းသား အားလုံး၏ ထုံးတမ်းစဉ်လာ ဓလေ့စရိုက်လက္ခဏာ၊ ရေမြေ၊သဘာဝအခြေခံများနှင့် လိုက်လျောညီထွေရှိမည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးလုပ်ငန်းများကို တစိုက်မတ်မတ်ဆောင်ရွက်ရင်း တစ်ဖက်မှာလည်း ဒီမိုကရေစီနိုင်ငံတော်ကြီး ထာဝရ ခိုင်ခိုင်မာမာ ရပ်တည်ဖြစ်ထွန်းနိုင်ရေးအတွက် နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ စီးပွားရေး အခြေခံကောင်းများဖြစ်ထွန်းရေး၊ ပြည်သူများအသိပညာ ပြည့်စုံကြွယ်ဝရေးလုပ်ငန်းများကိုလည်း တစ်ပြိုင်တည်း ဆောင်ရွက်ခဲ့ကြောင်း။

ယနေ့ ပြည်သူများအနေဖြင့် အနာဂတ် ဒီမိုကရေစီနိုင်ငံတော်သစ်၏ ပုံသဏ္ဌာန်ကို ရှုမြင်နိုင်ကြပြီဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်နှင့် ပြည်သူများအတွက် မရှိမဖြစ်လိုအပ်နေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေး ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ပေါက်လာရေးအတွက် ပြည်သူများအားလုံးတက်ညီလက်ညီ ပါဝင်ဆောင်ရွက်ကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် စစ်တွေမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင် နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့တို့အတွက် ထောက်ပံ့ပစ္စည်းများနှင့် စစ်တွေမြို့အတွက် ဝန်ကြီးဌာနအသီးသီး၏ လက်ဆောင်ပစ္စည်းများကို သက်ဆိုင်ရာတာဝန်ရှိသူများထံပေးအပ်၍ တွေ့ဆုံပွဲအခမ်းအနားကို ရပ်သိမ်းလိုက်ကာ တက်ရောက်လာသည့် မြို့မိမြို့ဖများအား ဒေသအခြေအနေများကိုမေးမြန်းပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် စစ်တွေမြို့ ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိကြရာ နိုင်ငံတော်ဝန်ကြီးချုပ်က ယနေ့ဆရာဝန်၊ ဆရာမများနှင့် ကျန်းမာရေးဝန်ထမ်းများ၏ တာဝန်မှာ ဆေးဝါးကုသပေးရုံမျှဖြင့် မလုံလောက်တော့ကြောင်း၊ ပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်အောင် နေထိုင်တတ်သည့် အလေ့အကျင့်များရရှိအောင်၊ ရောဂါမဖြစ်ခင်က ကြိုတင်ကာကွယ်တားဆီးရေး အသိပညာများ သိရှိလိုက်နာ ဆောင်ရွက်လာအောင် ပြည်သူများအတွင်းဆင်းပြီး ကျန်းမာရေး၊ ပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ရေး မှာကြားသည်။

ပေးအပ်လှူဒါန်း

ယင်းနောက်ဝန်ကြီးချုပ်က ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးအတွက် ထာဝရဆေးပဒေသာပင် အလှူငွေကျပ် ငါးသိန်းကို ဆေးရုံအုပ်ကြီး ဒေါက်တာဌေးကြွယ်ထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဝန်ကြီးချုပ်သည် ဆေးရုံကြီးရှိ ကလေးကုသဆောင်၊ ဆေးစတိုခန်း၊ အထူးကြပ်မတ်ကုသခန်း၊ ခွဲစိတ်ခန်းနှင့် ဓာတ်မှန်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ဆေးရုံအုပ်ကြီးတို့က လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် ဆေးရုံတွင် တက်ရောက်ဆေးဝါးကုသမှုခံယူနေကြသည့် ဒေသခံတိုင်းရင်းသားလူနာများအား ကြည့်ရှုအားပေးသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်သည် စစ်တွေဆိပ်ကမ်း ဖောင်တော်ကြီး ဆိပ်ခံတံတားသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးချုပ်အား စစ်တွေဆိပ်ကမ်းရှင်းလင်းဆောင်၌ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဌေးက ဖောင်တော်ကြီး ကွန်ကရစ်တံတား အပါအဝင် သင်္ဘောကြီးများဆိုက်ကပ်နိုင်သည့် အတွင်းကျောက်ချရပ်နားစခန်း၊ အပြင်ကျောက်ချရပ်နားစခန်းနှင့် တံတားများ အခြေအနေ၊ သွင်းကုန်ပို့ကုန်လုပ်ငန်းများ ကိုင်တွယ်ဆောင်ရွက်နိုင်မှုနှင့် ဝင်ငွေရရှိမှု၊ မြန်မာ–အိန္ဒိယ နှစ်နိုင်ငံအကြား ပလက်ဝ(နယ်စပ်)ကားလမ်းနှင့် ကုလားတန်မြစ်ကြောင်း ပြုပြင်ရေးစီမံကိန်းဆိုင်ရာ အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုသည့် လုပ်ငန်းများဖြစ်၍ စနစ်တကျဆောင်ရွက်ကြရန် မှာကြားသည်။

ပြုပြင်ဆောင်ရွက်

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စစ်တွေမြို့ရှိ ရှုခင်းသာသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ပြည်သူများစိတ်နှလုံးချမ်းမြေ့စွာ အပန်းဖြေနိုင်ရေးအတွက် ကမ်းခြေသာယာလှပအောင် ပြုပြင်ဆောင်ရွက်ကြရေးမှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် စစ်တွေတက္ကသိုလ်ဘက်စုံပင်မသုံးထပ်ဆောင်တည်ဆောက်ရေးစီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ စစ်တွေတက္ကသိုလ်ပါမောက္ခချုပ် ဦးဘရွှေက စစ်တွေတက္ကသိုလ်၏ သမိုင်းအကျဉ်းချုပ်၊ သင်ကြားပို့ချနေသည့် အထူးပြုဘာသာရပ်များ၊ မြို့နယ်များအလိုက်ကျောင်းသားဦးရေ၊ တက္ကသိုလ်ပင်မသုံးထပ်ဆောင်တည်ဆောက်မှုအခြေအနေနှင့် တက္ကသိုလ်၏ သင်ကြားစီမံကိန်းစွရပ်များကို ရှင်းလင်းတင်ပြရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးညွှန့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

စည်းရုံးဆောင်ရွက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး ဆရာ ဆရာမများကိုမှာကြားရာတွင် ဒေသအားလုံးတွင်နေထိုင်ကြသည့် လူငယ်လူရွယ်များအတွက် ပညာရေးအဆင့်အတန်းတိုးတက်မြင့်မားလာအောင်၊ ပညာသင်ယူမှုလွယ်ကူချောမွေ့အောင် နိုင်ငံတော်ကစီမံဆောင်ရွက်ပေးထားပြီးဖြစ်သည့်အတွက် ဒေသနေလူငယ်လူရွယ်များနှင့် မိဘများကလည်း ဖြစ်ပေါ်လာသည့် အခွင့်အလမ်းများကို အပြည့်အဝရယူနိုင်အောင် စည်းရုံးဆောင်ရွက်ကြရေး၊ လူငယ်လူရွယ်များအား အတတ်ပညာသာမက နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် ပြည်ထောင်စုတိုင်းရင်းသားအားလုံး အေးအတူပူအမျှ လက်တွဲနေထိုင်လိုသည့်စိတ်ဓာတ်များ ရှင်သန်တိုးပွားလာအောင် လေ့ကျင့်သင်ကြားပေးရေးတို့ကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ပင်မသုံးထပ်ဆောင်တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဖူးမြော်ကြည်ညို

ညပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့ရှိ လောကာနန္ဒာစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြရာ စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးညိုသာထွန်းနှင့် ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လောကာနန္ဒာစေတီတော်မြတ်ကြီး လိုဏ်အတွင်း၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော ကကုသန်ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းတို့ဖြင့် ကပ်လှူပူဇော်၍ ဖူးမြော်ကြည်ညိုကြပြီး စေတီတော်ကြီးအား ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေးအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကာ စေတီတော်အတွင်း လက်ယာရစ်တစ်ပတ် လှည့်လည်ကြည်ညို၍ ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

အလှူငွေများလှူဒါန်း

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အောင်စကြာမုနိ သိမ်တော်မြတ်ကြီးအတွင်း၌ ကိန်းဝပ်စံပယ်လျက်ရှိသည့် အောင်စကြာမုနိရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းတို့ဖြင့် ကပ်လှူပူဇော်၍ ဖူးမြော်ကြည်ညိုပြီး အလှူငွေများ ထည့်ဝင်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

ကကုသန်ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် စစ်တွေမြို့ရှိ လောကာနန္ဒာစေတီတော်မြတ်ကြီး လိုဏ်အတွင်း၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော ကကုသန်ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုစဉ်။

(သတင်းစဉ်)

အလုပ်သမားဝန်ကြီးဌာန မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၇

အလုပ်သမားဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ မြန်မာ့ရိုးရာ ထမနဲထိုး ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၆ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ လူမှုဖူလုံရေးအဖွဲ့ ဆေးခန်းရှေ့၌ ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်ထွန်းအောင်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်အားပေးကြသည်။ **(ယာပုံ)**

ဆုရရှိ

အဆိုပါပြိုင်ပွဲတွင် ပထမဆု ဗဟိုပြည်တွင်းကုန်တင်ကုန်ချ ကော်မတီရုံး၊ ဒုတိယဆု အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန၊ တတိယဆု အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးရုံးနှင့် ဗဟိုဝါဏိဇ္ဇပဋိပက္ခမှုကော်မတီရုံး၊ နှစ်သိမ့်ဆု အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနနှင့် လူမှုဖူလုံရေးအဖွဲ့တို့က ရရှိကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အထက(၂) လမ်းမတော် မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ရန်ကုန်မြို့အထက(၂)လမ်းမတော် ကျောင်းသူကျောင်းသားဟောင်းများ၏ န၀မအကြိမ် မြတ်ဆရာပူဇော်ပွဲကို မတ်၂၃ရက်(တနင်္ဂနွေနေ့)နံနက်၉နာရီတွင် ဆိပ်ကမ်းမြို့နယ် ဝါးတန်းလမ်းရှိ **U Can** ရေပေါ်ဟိုတယ်၌ ကျင်းပမည် ဖြစ်သည်။

အငြိမ်းစား ဆရာ ဆရာမများနှင့် အဝေးရောက် ဆရာ ဆရာမများ အားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မြတ်ဆရာပူဇော်ပွဲသို့ ကြွရောက်ကြရန်နှင့် အလှူငွေနှင့် ပစ္စည်းများ ပါဝင်လှူဒါန်းလိုသည့် ကျောင်းသူကျောင်းသားဟောင်းများသည် ကျောင်းအုပ်ကြီး ဦးလေးဆွေ အထက(၂)လမ်းမတော် ဖုန်း–၂၂၂၂၅၇၊ ဦးကျင်စိန် ဖုန်း–၀၉–၈၀–၃၀၂၆၁၊ ဒေါ်သန်းသန်းညွှန့် ဖုန်း–၂၂၈၁၀၄၊ ၂၄၅၀၉၆၊ ဦးကံကောင်း ဖုန်း–၀၉–၉၉၂၃၅၂၈၊ ဒေါ်ကြည်ကြည်ဝင်း ဖုန်း–၀၉–၅၁–၃၉၀၈၉၊ ၃၈၀၄၀၁နှင့် ဦးစိန်ဝင်း ဖုန်း–၂၂၂၂၆၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

ရန်ကုန်တိုင်း ဒဂုံဆိပ်ကမ်းမြို့နယ်အတွင်း (CNG)ဓာတ်ငွေ့ပိုက်လိုင်း မီးလောင်မှုဖြစ်ပွား

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ရန်ကုန်တိုင်း ဒဂုံဆိပ်ကမ်းမြို့နယ် ပဲခူးမြစ်လမ်းနှင့် ဧရာဝဏ်လမ်းထောင့် စီအင်န်ဂျီဂက်စ်အရောင်းဆိုင်အမှတ် ၀၂၁၏ အနောက်ဘက် ပေ ၂၃၀ခန့် အကွာတွင် ယနေ့နံနက် ၁၁နာရီ ၄၅ မိနစ်ခန့်က အင်းစိန်ရွာမဓာတ်ငွေ့ထိန်းဖြန့်စခန်းမှ သာကေတဓာတ်အားခွဲရုံသို့ ပို့လွှတ်သော ၁၄လက်မ ဓာတ်ငွေ့ပိုက်လိုင်းမှာ မီးလောင်ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။

မီးငြိမ်းသတ်

မီးလောင်မှုဖြစ်ပွားရာသို့ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် လှဌေးဝင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေး၍ မီးငြိမ်းသတ်မှုများကို ဆောင်ရွက်ကြရာ မွန်းလွဲ၁၂ နာရီ ၄၅မိနစ်ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ပြီး ဂက်စ်အရောင်းဆိုင်သို့ ဖြန့်ဝေပေးပို့သည့် ရွာမဓာတ်ငွေ့ထိန်းဖြန့်စခန်းမှ ဓာတ်ငွေ့ပို့လွှတ်မှုကို ဖြတ်တောက်ထားရှိကြောင်း၊ မီးလောင်မှုကြောင့် ထိခိုက်သေဆုံးဒဏ်ရာရရှိမှု မရှိကြောင်းနှင့် ပျက်စီးသွားသော ဓာတ်ငွေ့ပိုက်လိုင်းအား ပြုပြင်သွယ်တန်းလျက်ရှိကြောင်း သိရသည်။ အဆိုပါ မီးလောင်မှုဖြစ်စဉ်အား သက်ဆိုင်ရာတာဝန်ရှိသူများက စုံစမ်းစစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း

အင်တာနက် ဟောင်ပိတ် သတင်း

အာဖဂန်၌ ဗုံးခွဲ ၈၀သေဆုံး၊ ၅၀ကျော်ဒဏ်ရာရ

ကဘူးလ် ဖေဖော်ဝါရီ ၁၇

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာမြို့တွင် ဖေဖော်ဝါရီ ၁၇ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ၁၀ မိနစ်က ဗုံးခွဲတိုက်ခိုက်မှုကြောင့် ၈၀ သေဆုံးပြီး ၅၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း၊ ဗုံးခွဲတိုက်ခိုက်မှုမှာ လူအုပ်အတွင်းသို့ ဝင်ရောက်ကာ အသေခံဗုံးခွဲခဲ့ခြင်းဖြစ်ကြောင်း အာဖဂန်နစ္စတန်အရာရှိများက ပြောကြားသည်။

■ *ကျော်ဖုံးမှ*

ရှင်းလင်းတင်ပြ

ဆုပေးပွဲ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဦးဆောင်

ရန်ကုန်မြို့ ဟိုတယ်နီကိုး၌ ဖေဖော်ဝါရီ ၁ ရက်က ကျင်းပသည့် တတိယအကြိမ် သုတစွယ်စုံစာပေဆု ချီးမြှင့်ပွဲအခမ်းအနား၌ Swesone Media Group ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦး အဖွင့်အမှာစကားပြောကြားစဉ်။

သုတစွယ်စုံစာပေဆု(စာပဒေသာ)ဆုရ နောင်စစ်သည်အား မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး ဆုချီးမြှင့်စဉ်။

ညွှန်ကြားရေးမှူးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ စာပေပညာရှင်ကြီးများ၊ ဆုရ စာပေပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး Swesone Media Group ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက ဆုရွေးချယ်ချီးမြှင့်ရခြင်းအကြောင်း ရှင်းလင်းတင်ပြသည်။

ရည်ရွယ်ချက်

သုတစွယ်စုံစာပေဆုကို ရွေးချယ်ချီးမြှင့်ရာတွင် သုတစာပေများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေပြီး မြန်မာ့စာပေလောက၏ အဆင့်အတန်းမြင့်မားလာစေရေးအတွက် တစ်နည်းတစ်ဖုံ အကျိုးပြုနိုင်စေရန်၊ သုတစာပေများ ပိုမိုထွန်းကားပြန့်ပွားလာစေပြီး ပြည်သူလူထုတွင် မှန်ကန်သော အသိပညာ ဗဟုသုတများကို ပိုမိုကြွယ်ဝလာစေရန်၊ သုတစာပေ ရေးသားပြုစုသည့် စာရေးဆရာများကို တတ်နိုင်သမျှ အားပေးချီးမြှင့်ရန်ဟူသော ရည်ရွယ်ချက်များဖြင့် ဆုရွေးချယ်ခြင်းဖြစ်ကြောင်း ဒေါက်တာတင်ထွန်းဦးက ရှင်းပြသည်။

ထို့နောက် သုတစွယ်စုံစာပေဆုများ ရွေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးသန့်(မောင်ဆုရှင်)က ဆုရွေးချယ်ပေးမှုများနှင့် ပတ်သက်ပြီး ရှင်းပြပြီးနောက် တာဝန်ရှိသူများက ဆုရရှိသူ စာပေပညာရှင်များအား ဆုချီးမြှင့်ပေးသည်။

အင်အားသစ်

တတိယအကြိမ် သုတစွယ်စုံ စာပေဆုချီးမြှင့်ပွဲ၌ သုတစွယ်စုံ တစ်သက်တာ စာပေဆုရရှိခဲ့သည့် ဦးမျိုးသန့် (မောင်ဆုရှင်)နှင့် တွေ့ဆုံမေးမြန်းခဲ့ရာ **“တစ်သက်တာဆိုတာ ဘဝတစ်ခုလုံးကို ရည်ညွှန်းပါတယ်။ စာပေလုပ်ငန်း၊ အဖွဲ့အစည်းလုပ်ငန်း၊ စာအုပ်ထုတ်ဝေမှုနဲ့ စာရေးခြင်းလုပ်ငန်းတွေကို နှစ် ၅၀ ကျော် ရေးသားဆောင်ရွက်ပြီး ဆက်လက် လုပ်ဆောင်နေဆဲဖြစ်ပါတယ်။ ဒီလို တစ်သက်တာ စာပေဆုရရှိတဲ့အတွက် ရှေ့ဆက်ပြီး စာပေ လုပ်ငန်းတွေ ဆက်လုပ်ဖို့ အင်အားသစ်တွေ ရရှိစေပါတယ်”**ဟု ပြောကြားသွားသည်။

ဦးမျိုးသန့်(မောင်ဆုရှင်) သည် စာပေရေးသားခြင်းကို ၁၉၄၉ ခုနှစ်မှ စတင်ခဲ့ပြီး ပင်ကိုရေးနှင့် ဘာသာပြန် စာအုပ်ပေါင်း ၁၀၀ ကျော်၊ စာတမ်းပေါင်း ၂၀ ကျော်ကိုလည်း ပြုစုရေးသားခဲ့သူဖြစ်သည်။ ထို့အပြင် မြန်မာ့အသံ၌ **“သိပ္ပံပညာ သိကောင်းစရာ”** နှင့် ပတ်သက်ပြီး အပတ်စဉ်အသံလွှင့်နေသည်မှာ နှစ် ၄၀ ခန့် ရှိပြီဖြစ်သည်။

“စာပေလုပ်ငန်းတွေ ဆက်လုပ်ဖို့ အင်အားသစ်တွေ ရရှိစေပါတယ်”

ဦးမျိုးသန့်(မောင်ဆုရှင်)
သုတစွယ်စုံတစ်သက်တာစာပေဆု

ကျေနပ်ပီတိဖြစ်

ထို့နောက် သုတစွယ်စုံစာပေဆု (သိပ္ပံ)ကို**“အနုစိတ်သိသမျှရုပ်လောက”** စာအုပ်ဖြင့်ရရှိသူ စာရေးဆရာ ဘိုလှိုင်နှင့် ဆက်လက် တွေ့ဆုံမေးမြန်းရာ **“ဒီစာအုပ်က ပရိသတ်မျိုးစုံအတွက် ရုပ်လောကနဲ့ပတ်သက်တဲ့ ရူပသိပ္ပံ ဗဟုသုတဖြစ်ဖို့ဝေဖို့အတွက် ရေးသားခဲ့တာပါ၊ အသေးဆုံးနဲ့အနိမ့်ဆုံး အမှုန်တို့ရဲ့ ဂုဏ်သတ္တိအကြောင်းနဲ့ ဘက်ညီမှုသဘာဝများကို ရေးဖွဲ့ထားတာဖြစ်ပါတယ်။ ဆုရတဲ့အတွက် ကျေနပ်ပီတိ ဖြစ်ရပါတယ်”**ဟု မြန်မာ့အလင်းသို့ ပြောကြားသွားသည်။

“ဆုချီးမြှင့်တဲ့အတွက် ကျေနပ် ပီတိဖြစ်ရပါတယ်”

ဘိုလှိုင်
သုတစွယ်စုံစာပေဆု(သိပ္ပံ)

သုတစွယ်စုံစာပေဆု(သိပ္ပံ)ဆုရ ဘိုလှိုင်အား မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း) ဆုချီးမြှင့်စဉ်။

စာအုပ်ထုတ်ဝေ

ဆရာဘိုလှိုင်သည် ၂၀၀၄ ခုနှစ်က အမျိုးသားစာပေ သုတသိပ္ပံ(ဘာသာပြန်) ပထမဆုကို ဆွတ်ခူးရရှိခဲ့သူ တစ်ဦးလည်းဖြစ်ပြီး ယခု စာအုပ်မှာ ချင်းတွင်းမဂ္ဂဇင်း၌ အခန်းဆက်ရေးသားခဲ့သော ဆောင်းပါးများကို စာအုပ်ထုတ်ဝေခဲ့ခြင်းဖြစ်သည်။

သုတစွယ်စုံ တစ်သက်တာစာပေဆုရ ဦးမျိုးသန့် (မောင်ဆုရှင်)အား မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး ဆုချီးမြှင့်စဉ်။

ဖွံ့ဖြိုးတိုးတက်

ထို့အပြင်**“အကြွင်းမဲ့ခေါင်းဆောင်မှုသဘောတရား”**စာအုပ်ဖြင့် သုတစွယ်စုံစာပေ(ဘာသာပြန်)ရရှိသူ မောင်မြင့်ကြွယ်နှင့် ဆက်လက်တွေ့ဆုံမေးမြန်းရာ **“ကျွန်တော်တို့ရေးတဲ့ တက်ကျမ်းတွေဟာ အများအားဖြင့် ဆုရလေ့မရှိပါဘူး၊ အခုလို ဆုချီးမြှင့်တဲ့အတွက် အလွန် ဝမ်းသာရပါတယ်။ ဒီလိုဆုရွေးချယ်ပေးတာဟာ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေတဲ့ စာပေတွေ ဒီ့ထက် ထွန်းကားလာလိမ့်မယ်လို့ ထင်ပါတယ်”** ဟူ၍ ပြောကြားသွားသည်။

“လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေတဲ့စာပေတွေ ဒီ့ထက် ထွန်းကားလာလိမ့်မယ်လို့ ထင်ပါတယ်”

မောင်မြင့်ကြွယ်
သုတစွယ်စုံစာပေဆု(ဘာသာပြန်)

ကျယ်ကျယ်ပြန့်ပြန့်ရေးသား

မောင်မြင့်ကြွယ်သည် စာအုပ်ပေါင်း ၄၀ ကျော်ကို ရေးသားပြုစုခဲ့ပြီးသူ တစ်ဦးဖြစ်ပြီး ယခုစာအုပ်မှာ ခေါင်းဆောင်များ၏အရည်အချင်း ၂၁ ချက်ကို ကျယ်ကျယ်ပြန့်ပြန့် ရေးသားထားသည့် စာအုပ်ဖြစ်သည်။

သုတစွယ်စုံစာပေဆု(နိုင်ငံတကာရေးရာ)ဆုရ ရဲရင့်တင့်ဆွေအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင် ဆုချီးမြှင့်စဉ်။

အသိအမှတ်ပြု

ထို့နောက် သုတစွယ်စုံစာပေဆု (လူမှုစီးပွား)ကို **“ဂလိုဘယ်လိုက်ဇေးရှင်း ငွေကြေးဈေးကွက်အတွေးအမြင်”** စာအုပ်ဖြင့် ဆုရရှိသူ ခင်မောင်ညို (ဘောဂဗေဒ)နှင့် တွေ့ဆုံမေးမြန်းရာ **“ဒီစာအုပ်က နိုင်ငံတကာစီးပွားရေး ဂျာနယ်မှာ အပတ်စဉ် ရေးသားဖော်ပြခဲ့တဲ့ စာအုပ်ပါ။ မျက်မှောက်ခေတ် စီးပွားရေးအကြောင်းတွေ၊ စီးပွားရေး ပိတ်ဆို့မှုနဲ့ ပတ်သက်တဲ့ အကြောင်း ဆွေးနွေးချက်တွေနဲ့ ကမ္ဘာ့စီးပွားရေး အကြောင်းတွေကို ရေးသားထားခြင်း ဖြစ်ပါတယ်။ ဒီအကြောင်းအရာတွေက ရေးကြတာနည်းလို့ ကိုယ် လေ့လာထားသမျှတွေကို ဖြန့်ဝေပေးခြင်းလည်းဖြစ်ပါတယ်။ ဒီဆု ရရှိတာနဲ့ ပတ်သက်ပြီး ပြောရရင်တော့ ဒီဘာသာရပ်ရဲ့ အရေးပါမှုကို အသိအမှတ်ပြုခံရတဲ့အတွက် ဂုဏ်ယူပါတယ်။ နောက်ထပ်လည်း ဆက်ရေး ဖြစ်မှာပါ”**ဟု ဖြေကြားသွားသည်။

“ဒီဘာသာရပ်ရဲ့ အရေးပါမှုကို အသိအမှတ်ပြုခံရတဲ့အတွက် ဂုဏ်ယူပါတယ်”

ခင်မောင်ညို(ဘောဂဗေဒ)
သုတစွယ်စုံစာပေဆု(လူမှုစီးပွား)

တတိယအကြိမ် စွယ်စုံစာပေဆုပေးပွဲ အခမ်းအနား၌ သုတစွယ်စုံစာပေဆု(လူမှုစီးပွား)ရရှိသူ ခင်မောင်ညို(ဘောဂဗေဒ)အား ဒေါက်တာတင်ထွန်းဦး ဆုချီးမြှင့်စဉ်။

ဆုရရှိသူများ

တတိယအကြိမ် သုတစွယ်စုံ စာပေဆုချီးမြှင့်ပွဲ၌ ဆုရရှိသူများမှာ ဦးမျိုးသန့်(မောင်ဆုရှင်)က သုတစွယ်စုံ တစ်သက်တာစာပေဆု၊ **“စစ်မီးမငြိမ်း မြက်မစိမ်းနိုင်သည့်မြေ”** စာအုပ်ဖြင့် ဒေါက်တာမတင်ဝင်းက သုတစွယ်စုံ စာပေဆု(ဝိဇ္ဇာ)၊ နောင်စစ်သည်က **“သေတစ်နေ့ မွေးတစ်နေ့”** စာအုပ်ဖြင့် သုတစွယ်စုံ စာပေဆု(စာပဒေသာ)၊ ဘိုလှိုင်က **“အနုစိတ်သိသမျှ ရုပ်လောက”** စာအုပ်ဖြင့် သုတစွယ်စုံစာပေဆု (သိပ္ပံ)၊ ဒေါက်တာခင်မောင်လွင် (Fame) က **“သဘာဝမုရသော ကျန်းမာသုခ”**စာအုပ်ဖြင့် သုတစွယ်စုံ စာပေဆု(အသုံးချသိပ္ပံ)၊ မောင်မြင့်ကြွယ်က **“အကြွင်းမဲ့ခေါင်းဆောင်မှုသဘောတရား”**စာအုပ်ဖြင့်သုတစွယ်စုံ စာပေဆု(ဘာသာပြန်)၊ တောင်ခိုးက**“အရှေ့တောင်အာရှ အနုသုခုမလက်ရာများ အဘိဓာန်”**စာအုပ်ဖြင့် သုတစွယ်စုံစာပေဆု (ရည်ညွှန်းစာပေ)၊ ရဲရင့်တင့်ဆွေက **“ကမ္ဘာ့စစ်မှုရေးရာအပိုင်းအစများ”**စာအုပ်ဖြင့် သုတစွယ်စုံစာပေဆု(နိုင်ငံတကာရေးရာ)၊ ခင်မောင်ညို(ဘောဂဗေဒ)၏ **“ဂလိုဘယ်လိုက်ဇေးရှင်း ငွေကြေးဈေးကွက် အတွေးအမြင်”**စာအုပ်ဖြင့် သုတစွယ်စုံ စာပေဆု(လူမှုစီးပွား)၊ နေဇင်လတ်က **“ပညာမတတ်သောပညာရှိ၊ ပညာမရှိသောပညာတတ်”** စာအုပ်ဖြင့် သုတစွယ်စုံစာပေဆု (လူငယ်စာပေ)တို့ ရရှိခဲ့ကြသည်။

မေတ္တာလက်ဆောင်များပေးအပ်

တတိယအကြိမ် သုတစွယ်စုံ စာပေဆုချီးမြှင့်ပွဲ၌ တစ်သက်တာ စာပေဆုကို ငွေကျပ်ငါးသိန်း ချီးမြှင့်ပြီး ကျန်ဆုများကို ငွေကျပ်နှစ်သိန်းစီ ချီးမြှင့်ပေးအပ်သည်။ ထို့အပြင် သုတစွယ်စုံစာအုပ်တိုက်မှ ဒေါက်တာတင်ထွန်းဦးနှင့်ဇနီးတို့က မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ ငွေကျပ်ငါးသိန်းလှူဒါန်းကာ ဆုရွေးချယ်ရေးအဖွဲ့သို့ မေတ္တာလက်ဆောင်များ ပေးအပ်ခဲ့ပေသည်။ ။

(မြန်မာ့အလင်း)

(၂၅)ကြိမ်နှင့်အထက် သွေးလှူရှင်များဂုဏ်ပြု တိုင်းမှူးဗိုလ်မှူးချုပ်တင်ငွေ အမှာစကားပြောကြား ဂုဏ်ပြုတံဆိပ်နှင့် လက်ဆောင်များချီးမြှင့်

နေပြည်တော် ဖေဖော်ဝါရီ ၁၇

(၃၁)ကြိမ်မြောက် (၂၅)ကြိမ်နှင့်အထက် စေတနာသွေးလှူရှင်များ ဂုဏ်ပြုပွဲအခမ်းအနားကို ဇန်နဝါရီ ၂၆ရက် နံနက်၉နာရီက မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် ဆရာဝန်အသင်းတိုက် ရတနာပုံခန်းမ၌ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဦးမောင်ဝင်းက သွေးလှူခြင်းလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သွေးလှူရှင်များအား ကျေးဇူးတင်စကား ပြောကြားသည်။

တင်ပြ

ဆက်လက်၍ မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်တာဝန်ခံ ရောဂါဗေဒဆရာဝန်ကြီး ဒေါက်တာဒေါ်ခင်စိန်ဝင်းက သွေးလှူဒါန်းခြင်းများနှင့်ပတ်သက်၍ သိကောင်းဖွယ်ရာများ တင်ပြသည်။

ထို့နောက် စစ်ကိုင်းတိုင်း မြင်းမူမြို့နယ် ထီးဆောင်းကျေးရွာမှ (၉၅)ကြိမ်မြောက် သွေးလှူရှင်(လူမှုထူးချွန်ပထမဆင့်) ထီးဆောင်းဆရာတော် အရှင်အာစိန္နာလင်္ကာရက သွေးလှူဒါန်းရခြင်းအကြောင်းအရင်းနှင့် ပတ်သက်ပြီးလည်းကောင်း၊ ထီးဆောင်းကျေးရွာမှ စေတနာသွေးလှူရှင်များနှင့်ပတ်သက်၍လည်းကောင်း အသေးစိတ် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းမှူးနှင့်တာဝန်ရှိသူတို့က စေတနာသွေးလှူရှင်များ၊ ဆရာတော်၊ သံဃာတော်များအား ဂုဏ်ပြုတံဆိပ်နှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)(သတင်းစဉ်)**

အဘိုး ဦးထွန်း-အဘွား ဒေါ်အေးမြိုင်၊ အဖဦးသန့်-အမိ ဒေါ်မြတို့အား ရည်စူး၍ ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် ၁၀၁ လမ်း အမှတ် ၁၅၇ အခန်း၃နေ ဒေါ်လှသန်းနှင့် သားသမီး၊ မြေးမြစ်သားတစ်စုက ဒဂုံမြို့နယ် အမှတ်၁၂ စကားဝါလမ်း မင်းကွန်းတိပိဋက ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီး အတွက် အလှူငွေကျပ် ၁၅၀၀၀၀ကို အနုနာယကဆရာတော် ဘဒ္ဒန္တနန္ဒကထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တီ=နီ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ရုံးအဖွဲ့)ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း နေပြည်တော်တပ်ကုန်းရှိ မွေးမြူရေးခြံများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် ဖေဖော်ဝါရီ ၁၀ရက်က နေပြည်တော်တပ်ကုန်း ရွှေမြို့ကျေးရွာ မွေးမြူရေး ဇုန်အမှတ်(၂)ရှိ မွေးမြူရေးလုပ်ငန်းရှင် ဦးမောင်မောင်လွင်၏ နန်းဝေနို့ချက်စက်ရုံတည်ဆောက်၍ စက်တပ်ဆင်မှုကို လည်းကောင်း၊ နို့စားနွားမွေးမြူရေးခြံကိုလည်းကောင်း၊ ကံကြီးကျေးရွာ မွေးမြူရေးဇုန်အမှတ် (၁)ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ နို့စားနွားမွေးမြူရေးခြံကို လည်းကောင်း၊ ဆိတ်မွေးမြူရေးခြံနှင့် သိုးမွေးမြူရေးခြံများကိုလည်းကောင်း၊ ဝင်းသစ္စာငါးမွေးမြူရေးကန်ကို လည်းကောင်း၊ ဒေါက်တာသန်းငွေနှင့်အဖွဲ့၏ CP ဆိတ်မွေးမြူရေးခြံကို လည်းကောင်း၊ စီးတီးလိုက်ဆိတ်မွေးမြူရေးခြံကိုလည်းကောင်း ကြည့်ရှုအားပေးပြီး ရွှေမြို့ကျေးရွာ မွေးမြူရေးဇုန် အမှတ်(၂)ရှိ ရှင်းလင်းဆောင်၌ မန္တလေးတိုင်း မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

---

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဘားအံမြို့ အမှတ်(၂)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ပြည်သူ ပူးပေါင်းဆောင်ရွက်သော အုန်းတောလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၆ရက်က အဆိုပါလမ်းထိပ်မုခ်ဦး၌ ကျင်းပရာ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းနှင့် လမ်းဖြစ်မြောက်ရေး ကော်မတီဝင် ဦးသောင်းရွှေတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

သမိုင်းဝင်ရဟန္တာ(၈၀)သိမ်တော်ကြီး ပရိဝုဏ်အတွင်း စုပေါင်းသန့်ရှင်း

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ပြည်ခရိုင် ရွှေတောင်မြို့နယ် နွားမယံစံပြကျေးရွာအုပ်စု ဖိုးသိန်းတန်ကျေးရွာ ရဟန္တာ(၈၀)သိမ်တော်ကြီး ပရိဝုဏ်အတွင်းရှိ ရှေးဟောင်းရေကန်ကြီးအား ပြန်လည် တူးဖော်သည့် လုပ်အားဒါနပြုပွဲကို ဖေဖော်ဝါရီ၈ရက် နံနက်၈နာရီက ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးနေဝင်း ဦးစီးသည့် အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားများ၊ ဒေါ်မော်မော်ဝင်းနှင့်အိမ်ထောင်စုဝင် ရဲမေများ၊ နွားမယံစံပြကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဘယ်လက်၊ ပုရပိုက်တန်း၊ ဖိုးသိန်းတန်၊ လေးကျွန်းဆီမီး၊ နွားမယံ၊ နတ်မှော်၊ ဆင်မကြပ်ကျေးရွာများမှ ပြည်သူများသည် ရှေးဟောင်းရေကန်ကြီးများ ပြန်လည်တူးဖော်ပြုပြင်ခြင်း၊ ရဟန္တာ(၈၀)သိမ်တော်ကြီး ပတ်ဝန်းကျင်ရှိ အမှိုက်သရိုက်များရှင်းလင်းခြင်း၊ ချုံနွယ်များ ခုတ်ထွင်ခြင်းတို့ဖြင့် စုပေါင်း၍ လုပ်အားဒါနပြုကြသည်။ **(သတင်းစဉ်)**

ပုသိမ်အသင်း အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ပုသိမ်အသင်း(ရန်ကုန်)၏ အာစရိယပူဇော်ပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် (၈၇)နှစ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို ဖေဖော်ဝါရီ ၂၄ရက် (တနင်္ဂနွေနေ့) နံနက်၈နာရီခွဲတွင် အမှတ်၂၁/၄၃(စီ)ကြားတောရလမ်းရှိ ရောဝတီတိုင်း ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ရန်ကုန်မြို့နေ ပုသိမ်မြို့အထကကျောင်းများတွင် တာဝန်ထမ်းဆောင်ခဲ့သော အသက်(၇၅)နှစ်ပြည့်ပြီး သက်ကြီးဆရာကြီး ဆရာမကြီးများ၊ အသက်(၇၅)နှစ်နှင့်အထက် ရာသက်ပန်အသင်းဝင်များသည် မှတ်ပုံတင်မိတ္တူဖြင့်လည်းကောင်း၊ ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီးများသည် အမှတ်စာရင်းမိတ္တူဖြင့်လည်းကောင်း ဖေဖော်ဝါရီ၁၅ရက် (သောကြာနေ့)နောက်ဆုံးထား၍ ဥက္ကဋ္ဌ ဦးစိုးဟန်လင်း ဖုန်း-၀၉-၈၀-၂၃၃၀၇၊ ဒုတိယဥက္ကဋ္ဌ ဦးဘအေး ဖုန်း-၆၆၁၆၈၅၊ ဒုတိယဥက္ကဋ္ဌ ဦးသန်းအောင်လင်း ဖုန်း-၀၉-၅၀-၁၃၇၀၉၊ အတွင်းရေးမှူး ဦးကျော်ကျော်ဝင်း ဖုန်း-၀၉-၅၀-၀၆၁၂၈၊ ဘဏ္ဍာရေးမှူး ဦးလေးတင့် ဖုန်း-၂၂၁၉၇၈၊ ပုသိမ်အသင်း(ရန်ကုန်)ဖုန်း-၃၇၉၂၅၈နှင့် အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

သဝဏ်လွှာဖတ်ကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၈ ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ကဝမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှဝင်းအောင် ဖတ်ကြားစဉ်။ (၀၆၄)

ရှုခင်းသာအိမ်ရာ နိဗ္ဗာန်ဈေးပွဲတော်ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ရှုခင်းသာအဆင့်မြင့်အိမ်ရာB_2, B_3မိသားစုများ၏ တတိယအကြိမ် နိဗ္ဗာန်ဈေးလှူဒါန်းပွဲတော်ကို **(ယာပုံ)** သာကေတမြို့နယ်ရှိ ရှုခင်းသာအိမ်ရာ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အဆိုပါပွဲတော်ကို ပြည်ထောင်စုနေ့ ဦးတည်ချက် (၆)ရပ် အခြေခံပြီး ပြည်သူလူထုအတွင်း ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်လာစေရေးနှင့် ရှုခင်းသာအဆင့်မြင့်အိမ်ရာ B_2, B_3 မိသားစု၏ စည်းလုံးညီညွတ်မှုကို ပြသခြင်းဖြစ်ကြောင်း၊ နောင်မျိုးဆက်သစ်လူငယ်များအတွက် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေးနှင့် လူငယ်ထုအတွင်း စည်းလုံးမှုခိုင်မြဲအောင် ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ရှုခင်းသာအဆင့်မြင့်အိမ်ရာ B_2,B_3 မိသားစုနိဗ္ဗာန်ဈေးပွဲတော်တွင် မိသားစုများ၏ ဆိုင်ခန်းပေါင်း ၁၇၀ တို့ ပါဝင်ကြပြီး တစ်နှစ်ထက်တစ်နှစ် ပိုမိုစည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်စည်းဝေး၊ သက်ကြီးပူဇော်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ၂၀၀၇ ခုနှစ် နှစ်ပတ်လည် လုပ်ငန်းဆိုင်ရာ အစည်းအဝေးနှင့် သက်ကြီးစာပေပညာရှင်ကြီးများအား ကန်တော့ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)နှင့် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့(ဗဟို)အလုပ်အမှုဆောင်ကော်မတီဝင်ဦးမြင့်ကြွယ်(မောင်မြင့်ကြွယ်) တို့က အမှာစကားပြောကြားကြပြီး နှစ်ပတ်လည်အစီရင်ခံစာကို ဒုတိယဥက္ကဋ္ဌ ဦးသန်းဌွေး(ဝေဒသန်းဌွေး)နှင့် အမှုဆောင်ဦးလှဘော်(မောင်ယဉ်ညို)တို့က ဖတ်ကြားတင်ပြကြကာ သက်ကြီးစာပေပညာရှင် ခုနစ်ဦးတို့အား ပူဇော်ကန်တော့ကြသည်။

(က-ပ)

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)သို့ ဆွမ်းစားဆောင်၊ ဆေးပေးခန်း၊ စမ္ပသာလာနှင့် e-Library လှူဒါန်းပွဲနှင့် မတ္တရာမြို့နယ် ရွှေလောင်းတံတား ဖွင့်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၇

မန္တလေးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)သို့ တိုးချဲ့ဆွမ်းစားဆောင်၊ သံဃာဆေးပေးခန်း၊ ကျိုက်လတ်စမ္ပသာလာမှန်လုံခန်းနှင့် e-Library ခန်း လှူဒါန်းခြင်း အခမ်းအနားကို ယမန်နေ့ နံနက်၆နာရီ ၄၅မိနစ်က အဆိုပါနိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်(မန္တလေး)၌ ကျင်းပသည်။

ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူးအမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်း၊ ဇနီး ဒေါ်ခင်ခင်ရီနှင့် ဧည့်ပရိသတ်တို့က နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တ ပဏ္ဍိတာဝရာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဗဟိုအတွင်းရေးမှူးဝန်ကြီး ဦးအောင်သောင်း၊ ဇနီး ဒေါ်ခင်ခင်ရီနှင့် တိုင်းပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးတို့က ပါမောက္ခချုပ်ဆရာတော် ထံသက်န်းအစရှိသော လှူဖွယ်ပစ္စည်းများ လှူဒါန်းမှုနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လည်းကောင်း၊ အလုပ်အမှုဆောင်များနှင့် အလှူရှင်များက ပင့်သံဃာတော်များအား လှူဖွယ်ပစ္စည်းများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းကြသည်။

မန္တလေးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ စေတနာရှင်များနှင့် ကျေးရွာဒေသခံပြည်သူများ စုပေါင်းလှူဒါန်းတည်ဆောက်ထားသော မန္တလေးတိုင်း မတ္တရာမြို့ လမိုင်းကျေးရွာအုပ်စု လက်ဝဲကြီးကျေးရွာရှိ ရွှေလောင်းချောင်းကူးတံတားဖွင့်ပွဲ အခမ်းအနားကို မွန်းလွဲပိုင်းတွင် အဆိုပါ တံတား၌ ကျင်းပရာ မန္တလေးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးမျိုးသန့်၊ မတ္တရာမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်မင်းနှင့် ကျေးရွာရပ်မိရပ်ဖ ဦးပုကြီးတို့က ရွှေလောင်းတံတားသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(ဓါတ်ပုံ)**

အမွှေးနံ့သာရည်ပက်ဖျန်း

ထို့နောက် မတ္တရာမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တကောဝိဒ၊ လက်ဝဲကြီးကျေးရွာ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တကုဏ္ဍလ၊ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးဗိုလ်မှူးချုပ်တင်ငွေနှင့်ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးတို့က ရွှေလောင်းတံတားသစ် ကမ္ပည်းကျောက်စာကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြပြီး ရွှေလောင်းတံတားသစ်ကို ဖြတ်သန်းကြည့်ရှု စစ်ဆေးကြသည်။

လွှဲပြောင်းပေးအပ်

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးဦးအောင်သောင်းက ရွှေလောင်းတံတားနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ကျေးရွာပြည်သူ ဦးတင်ဝင်းထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ ရွှေလောင်းတံတားမှာ အရှည်၄၄ပေ၊ ယာဉ်သွားလမ်း အကျယ် ၁၂ပေ၊ လူသွားလမ်း အကျယ် ၁ပေ၆ လက်မရှိပြီး တံတားခံနိုင်ရည် တန်၂၀ ဖြစ်သည်။ **(သတင်းစဉ်)**

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီရုံးခန်း (ဗဟန်း ၃လမ်းမှတ်တိုင်အနီး)တွင် အမှတ် ၃၉ ဒေါ်သိန်းတင်လမ်း ကန်တော်ကလေးနေ ဦးလှရွှေ (၉)နှစ်ပြည့်နှင့် ကွယ်လွန်သူများအား ရည်စူး၍ ဒေါ်ခင်ရီ၊ ဗိုလ်မှူးဝင်းမောင်(ငြိမ်း)-ဒေါ်ခင်လှဲလှဲတင်၊ ဒေါ်ညွန့်ညွန့်ရီ မိသားစုက ငွေကျပ်တစ်သိန်း သုံးသောင်းငါးထောင်ကို အတွင်းရေးမှူး ဦးသိန်းထိုက်ဦးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

တောင်ဥက္ကလာပမြို့နယ် အမက(၂၈) ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ဘက်စုံထူးချွန်ဆုပေးပွဲတွင် သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသူ မောင်ကောင်းဆက်သွင်အား ကျောင်းအုပ်ဆရာကြီး ဦးသောင်းရွှေက ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က-ပ)



(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကမာရွတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြခန်းနှင့် ဟောပြောပွဲကို ဖေဖော်ဝါရီ ၁ရက်က အမက(၄)ကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်ဦးက ကျောင်းသား ကျောင်းသူများအား ပင်လုံစိတ်ဓာတ်မမေ့အပ် ခေါင်းစဉ်ဖြင့် ဟောပြောစဉ်။ (မြို့နယ် ပြန်/ဆက်)

ဇန်နဝါရီလအတွင်း မီး ၈၉ ကြိမ်လောင်ကျွမ်းခဲ့

ရန်ကုန် ဖေဖော်ဝါရီ ၁၇

၂၀၀၈ ခုနှစ် ဇန်နဝါရီလအတွင်း နိုင်ငံတစ်ဝန်းလုံးတွင် မီးလောင်မှု ၈၉ကြိမ် ဖြစ်ပွားခဲ့သည်။ မီးလောင်မှု ၈၉ ကြိမ်တွင် မီးဖိုမီး၊ ပေါ့ဆမီး ၇၄ ကြိမ်၊ လျှပ်စစ်မီး ကိုးကြိမ်၊ မသမာသူ ရှို့မီးလေးကြိမ်၊ အလိုအလျောက်မီး တစ်ကြိမ်နှင့် တောမီးတစ်ကြိမ် ပါဝင်သည်။

ဇန်နဝါရီလအတွင်း အိမ်ခြေအဆောက်အအုံ၁၄၁လုံး၊ စက်ရုံအလုပ်ရုံ သုံးရုံ၊ ဂိုဒေါင်နှစ်လုံး မီးလောင်ခံရပြီး မီးဘေးဒုက္ခသည် ၄၀၀ကျော် အိုးမဲ့အိမ်မဲ့ ဖြစ်ကာ လေးဦးသေဆုံးခဲ့သည်။

မီးလောင်မှု ၈၉ ကြိမ်တွင် မီးကိုမဆင်မခြင်သုံးစွဲမှုကြောင့် ဖြစ်ပွားခဲ့သော မီးလောင်မှုများသည် မီးလောင်မှုအကြိမ် စုစုပေါင်း၏ ၈၃ဒသမ၁၄ရာခိုင်နှုန်း ပါဝင်သည်။ မီးလောင်မှု အကြိမ်များတွင် ရန်ကုန်တိုင်း၌ အကြိမ်အများဆုံး၊ မန္တလေးတိုင်း၌ ဒုတိယအကြိမ်အများဆုံး၊ စစ်ကိုင်းတိုင်း၌ တတိယအကြိမ် အများဆုံး ဖြစ်ပွားခဲ့သည်။

မီးလောင်ဆုံးရှုံးမှု တန်ဖိုးများကို ပြည်နယ်နှင့်တိုင်းအလိုက် ဆန်းစစ်ကြည့်ရာတွင် ရန်ကုန်တိုင်း၌ဆုံးရှုံးမှုအများဆုံး၊ ရှမ်းပြည်နယ်၌ ဒုတိယဆုံးရှုံးမှု အများဆုံးနှင့် မွန်ပြည်နယ်၌ တတိယဆုံးရှုံးမှုအများဆုံးဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

မီးခွက်ထွန်းပြီး ထမင်းစားရာမှ မီးခွက်လဲကျပြီး မီးလောင်မှု မကွေး၌ဖြစ်ပွား

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မီးခွက်ထွန်းပြီး ထမင်းစားစဉ် မီးခွက်လဲကျရာမှ မီးလောင်မှု မကွေးမြို့နယ် တည်ပင်ကန်ပေါက်ကျေးရွာတွင် ဖေဖော်ဝါရီ ၁၅ရက်က ဖြစ်ပွားသည်။

ဖြစ်ပွားပုံမှာ မကွေးမြို့မှ ၁၀ မိုင်ခန့်အကွာ မကွေးမြို့နယ် တည်ပင်ကန်ပေါက်ကျေးရွာနေ ဦးမောင်မောင် ဒေါ်အေးတင့်တို့ နေအိမ်တွင် ဖေဖော်ဝါရီ ၁၅ ရက်ညနေ ၆နာရီခွဲခန့်က မီးခွက်ထွန်းပြီး ထမင်းစားစဉ် မီးခွက်လဲကျပြီး နေအိမ်အား မီးစွဲလောင်ကျွမ်းခဲ့ရာ အိမ်ခြေ ၁၁၂ လုံး မီးလောင်ကျွမ်းခဲ့သည်။ မီးလောင်ရာသို့ မကွေးခရိုင်ဥက္ကဋ္ဌ ဦးအုံ့မောင်နှင့် တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများက မီးသတ်ယာဉ်နှစ်စီးနှင့်အတူ ငြိမ်းသတ်ခဲ့ရာ ည၈နာရီ တွင် မီးညွန့်ကျိုးသွားခဲ့သည်။ မီးလောင်မှုကြောင့် ကျား ၂၀၁ ဦး၊ မ ၂၆၀ စုစုပေါင်း ၄၆၁ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ပြီး အေးဝင်း(၃၀ နှစ်)(ဘ)ဦးကျော်ချစ် ကန်းရင်ရွာ မကွေးမြို့နယ်နှင့် အောင်ကိုသက်(၂၀ နှစ်) (ဘ)ဦးမြင့်ဒွေး တည်ပင်ကန်ပေါက်ကျေးရွာ မကွေးမြို့နယ်တို့ သေဆုံးခဲ့ရသည့်အပြင် နွား ၁၀ကောင် မီးလောင်သေဆုံးခဲ့သည်။

မီးဘေးဒုက္ခသည်များအား ကျေးရွာရှိ ဘုန်းကြီးကျောင်းနှင့် မူလတန်းကျောင်းများ၌ နေရာချထားပေးပြီး လိုအပ်သော ထောက်ပံ့မှုများကို သက်ဆိုင်ရာ ဒေသအာဏာပိုင်များက စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ မီးလောင်မှုနှင့်ပတ်သက်၍ ဦးမောင်မောင်၊ ဒေါ်အေးတင့်တို့အား မကွေးမြို့နယ် ညောင်ကန်ရဲစခန်းမှ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၈၅/၃၀၄(က)ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(သတင်းစဉ်)**

ခရီးသည်တင်ယာဉ်ပေါ်မှ အမျိုးသမီးတစ်ဦး ပြုတ်ကျသေဆုံး

ရန်ကုန် ဖေဖော်ဝါရီ ၁၇

သဃ်န်းကျွန်းမြို့နယ် ဦးဘဟန်လမ်းရှိ ဘီအိုစီမှတ်တိုင်အနီးတွင် ဖေဖော်ဝါရီ ၁၄ရက် ညနေ၆နာရီက ယာဉ်မောင်းဦးအေးကျော် (အသက် ၅၀) (ဘ) ဦးမောင်မောင် အမှတ်၁၂၄ ရူပါလမ်း(င/က)ရပ်ကွက် သဃ်န်းကျွန်းမြို့နယ် မောင်းနှင်လာသော မထသ အမှတ် ၃၉ ခရီးသည်တင်ယာဉ်အမှတ် စ/၁၈၄၇ပေါ်တွင် လိုက်ပါလာသည့် မနီလာဝင်း (၂၃နှစ်) (ဘ)ဦးဇော်ဝင်း သမာဓိ ၅လမ်း(ဆ/က) ရပ်ကွက်နေသူသည် ယာဉ်မောင်းနေစဉ် ၎င်း၏ ငွေကျပ်ငါးရာ ပြုတ်ကျသဖြင့် ယာဉ်မရပ်သေးဘဲ ဆင်းကောက်စဉ် ယာဉ်ပေါ်မှ ပြုတ်ကျသဖြင့် နောက်စေ့တွင် ဖူးရောင်ဒဏ်ရာရရှိခဲ့ရာ ၎င်းအား စံပြဆေးရုံသို့ တင်ပို့ကုသထားစဉ် ဖေဖော်ဝါရီ ၁၅ရက် နံနက်၄နာရီတွင် သေဆုံးသွားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မှုစစ်မှ ယာဉ်မောင်းဦးအေးကျော်(အသက်၅၀)နှင့် ယာဉ်နောက်လိုက် ဇော်ထွန်း(၃၅နှစ်) (ဘ)ဦးသိန်းထွန်း နှင်းဆီကုန်းလမ်း (က)ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်တို့ နှစ်ဦးအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄-က ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း မှုခင်း သတင်းများ

ခရီးသည်တင်ယာဉ်အား ကြို/ပို့ယာဉ်က နောက်မှဝင်တိုက် ခရီးသည်အမျိုးသမီးနှစ်ဦး ဒဏ်ရာရ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ထန်းတပင်မြို့နယ် တူးချောင်းကျေးရွာအနီး တိုးဂိတ်တွင် ဖေဖော်ဝါရီ ၁၄ရက် နံနက်၆နာရီ ၄၅မိနစ်က ထန်းတပင်မှရန်ကုန်သို့ အမှတ်(၈၇) သန်မြန်သူ ယာဉ်လိုင်းမှ ဦးနေဝင်း (၅၅နှစ်) (ဘ)ဦးခင်မောင် မောင်းနှင်သည့် ဒိုင်နာယာဉ် အမှတ် ၈က/၆၀၄၅သည် ခေတ္တရပ်တန့်ထားစဉ် စိုင်းမင်းအောင်(၂၃နှစ်) (ဘ)ဦးသန်းဌွေး မောင်းနှင်သည့် ဟီးနိုးဘီအမ် ကြို/ပို့ ယာဉ် အမှတ်ထ/၇၂၅၅ က နောက်မှ ဝင်ရောက်တိုက်မိခဲ့ရာ ဒိုင်နာယာဉ်ပေါ်တွင် လိုက်ပါလာသည့် မနွယ်နီထွန်း(၁၄နှစ်) (ဘ) ဦးသန်းအေးနှင့် မခိုင်မာလာ(၂၅နှစ်) (ဘ) ဦးမြင့်ဦးတို့နှစ်ဦး ဦးခေါင်းနှင့် ပေါင်တို့တွင် ဒဏ်ရာ ရရှိခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဘီအမ်ယာဉ်မောင်းနှင်သူ စိုင်းမင်းအောင်အား တက်သစ်ရဲစခန်းမှ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၈အရ အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

ညစ်ညမ်း ဗွီစီဒီအခွေများ ဖမ်းဆီးအရေးယူ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

တာမွေမြို့နယ် ကျိုက္ကဆံလမ်း ဗလီထိပ်ကားမှတ်တိုင်အနီး လမ်းဘေးတွင် ညစ်ညမ်းဒီဗွီဒီနှင့် ဗွီစီဒီများ ရောင်းချနေကြောင်း သတင်းအရ ဖေဖော်ဝါရီ ၁၄ရက် ညနေ ၅နာရီက တာမွေရဲစခန်းမှ တာဝန်ရှိသူများက စစ်ဆေး ဖမ်းဆီးခဲ့ရာ မျိုးမြင့် (၂၃နှစ်) (ဘ) ဦးမောင်လှ အမှတ် ၄၀၂ မြိုင်တန်းသာလမ်း ၁၀၆ရပ်ကွက် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်ထံမှ ညစ်ညမ်းဒီဗွီဒီနှင့် ဗွီစီဒီအချပ် ၁၃၀ ခန့်ကို ဖမ်းဆီးရမိခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ တာမွေရဲစခန်းမှ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၉၂အရ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **(သတင်းစဉ်)**

18-2 (12) 1 2/18/08, 1:50 AM

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် လေးထပ်ဆောင်အတွက် ဆက်လက်လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ်၈၂ နတ်မောက်လမ်းရှိ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီးအတွင်း စုပေါင်းဆောင်ရွက်ဆောက်လုပ်နေပြီဖြစ်သော လေးထပ်ဘောဇနဆောင်အတွက် ဒေါ်သောင်းနွဲ့ မိသားစု ကြည့်မြင်တိုင်က ငွေကျပ်တစ်သိန်း၊ ဒေါ်သန်းဝင်းနှင့်သားသမီး၊ မြေးတစ်စု ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်က ငွေကျပ်တစ်သိန်း၊ ဦးတင်ရွှေ– ဒေါ်အုံးသင် မိသားစု ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ကငွေကျပ်တစ်သိန်း၊ဒေါက်တာသန္တာဦး(ပါမောက္ခဌာနမှူး၊ ရက္ခဗေဒဌာန၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်)က တစ်သိန်းရှစ်ရာကျပ်၊ ဦးချစ်ကောင်း–ဒေါ်ခင်မျိုးညွန့် မိသားစု ဒဂုံမြို့နယ်က ငွေကျပ်တစ်သိန်း၊ ဦးမျိုးညွန့်–ဒေါ်တင်ညို မိသားစု USA က ငွေကျပ်နှစ်သိန်း၊ ဒေါ်သန်းနု၊ သား ဦးဝင်းဖေ–ဒေါက်တာစန်းစန်းလွင် မိသားစု(၇)မိုင် မရမ်းကုန်းမြို့နယ်က ငွေကျပ်တစ်သိန်း၊ ဦးကျော်စိန်သိန်း–ဒေါ်ခင်မြဆွေ(KYKရေခဲမုန့်) မိသားစု ချော်တွင်းကုန်း မရမ်းကုန်းမြို့နယ်က ငွေကျပ်တစ်သိန်း၊ ဦးလှကြိုင်–ဒေါ်ပြုံးရည် (လှည်းကလေးဒိန်ချဉ်) မိသားစု လှည်းတန်းလမ်းမ ကမာရွတ်မြို့နယ်က ငွေကျပ်နှစ်သိန်း ငါးသောင်း အသီးသီး လှူဒါန်းကြသည်။ စုပေါင်းဆောင်ရွက်လိုပါက ဖုန်း– ၅၄၁၈၆၀သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

သဲအင်းဂူ(မှော်ဘီ)ဗုဒ္ဓပူဇနီယပွဲတော်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ မူလသဲအင်းဂူ ဆရာတော်ကြီး ဦးဥက္ကဋ္ဌ တည်ထောင်ခဲ့သော မူလသဲအင်းဂူ ဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်ကြီးတွင် စတုတ္ထသဲအင်းဂူ ဆရာတော် ဘဒ္ဒန္တ ဝိလာသနှင့် နာယကဆရာတော်များ၏ သြဝါဒကိုခံယူပြီး သံဃာတော်များ၊ သီလရှင်များနှင့် စေတနာရှင်ယောဂီများစုပေါင်း၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော ပြည်လုံးချမ်းသာ နောင်တော်ကြီးစေတီတော်မြတ်ကြီး (၄၄)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်တွင် သံဃာတော်များက မဟာပဋ္ဌာန်းဒေသနာတော်များကို ဖေဖော်ဝါရီ၁၆ရက်မှ ၂၁ရက်အထိ ခြောက်ရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်လျက်ရှိသည်။ ဖေဖော်ဝါရီ၂၀ရက်တွင် ထမနဲပွဲတော်ကိုကျင်းပပြီး ၂၁ရက်တွင် ကျောင်းတိုက်အတွင်းရှိ စေတီတော်များနှင့် ဗုဒ္ဓရုပ်ပွားတော်များကို ထမနဲဆွမ်း ကပ်လှူကြမည်ဖြစ်ကြောင်းသိရသည်။ **(က–ပ)**

ပြည်မြို့တွင် စာပေဟောပြောမည်

ပြည် ဖေဖော်ဝါရီ ၁၇

ပြည်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ ဦးဆောင်မှုဖြင့် ၁၃၆၉ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲအခမ်းအနားကို ပြည်မြို့ မူယာပင်ရပ် ခေတ္တရာ ရတနာမြို့တော်ခန်းမ၌ ဖေဖော်ဝါရီ၂၄ရက် (တနင်္ဂနွေနေ့) ညစနာရီတွင် ကျင်းပမည်ဖြစ်သည်။

စာပေဟောပြောပွဲတွင် ပါမောက္ခချုပ်(ငြိမ်း) ဦးမြဝင်း (မြဝင်း–ဒဿန)က မွေခံထိုက်စေ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာရေးဆရာဟိန်းလတ်က အသိပညာနှင့်ဦးနှောက် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာပေဗိမာန်ဝတ္ထုရှည် ပထမဆုရ စာရေးဆရာသန်လျင်မောင်မောင်ဦးက ရယ်စရာမောစရာ ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြမည်ဟု သိရသည်။ **(ဝ၄၉)**

အဖွဲ့ပိုင် မျိုးဥယျာဉ်အတွင်း မျိုးပင်များအား ပေါင်းသင်ရှင်းလင်း

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မိုးမောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးတင်မောင်ထွေး(ဒု–ဦးစီးမှူး) ဦးဆောင်သောအဖွဲ့ ရုံးဝန်ထမ်းများက ဇန်နဝါရီ ၄ ရက်တွင် အဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ အနီးတစ်ဝိုက်တွင် ပေါင်းသင်ရှင်းလင်းခဲ့သည်။ **(မြို့နယ်စည်ပင်)**

အထက(၂)သထုံ အာစရိယပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မွန်ပြည်နယ် သထုံမြို့ အထက(၂) ကျောင်းသားကျောင်းသူဟောင်းများ၏ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ်၂၃ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် လှမဋ္ဌုခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ကန်တော့ခံ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများအားလုံး ပါဝင်တက်ရောက်ကြပါရန်နှင့် အလှူငွေများကို အထက(၂) သထုံ ဖုန်း–၀၅၇–၄၀၀၅၅၊ဦးကျော်စိုး သထုံ ဖုန်း–၀၅၇–၄၀၂၇၈၊ ဦးမြင့်သူ ဖုန်း–၀၉–၅၀–၂၁၃၀၄၊ ဦးကျော်မင်းထွေး ဖုန်း–၀၁–၃၈၇၅၂၉၊ ဒေါ်မေဆန်းညွန့် ဖုန်း–၀၁–၅၁၀၇၉၄နှင့်ဒေါ်ယုယုခင် ဖုန်း–၀၉–၂၁–၃၁၉၅၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။**(က–ပ)**

ရင်ပွင့်မတတ် အကြိတ်အနယ်နွှဲရတော့မယ့် လီယွန်နဲ့မန်ယူ အသည်းပေါက်မတတ်ကစားရမယ့် အာကြီးနဲ့အေစီတို့ရဲ့ ချန်ပီယံလိဂ်

သုံးသပ်ရေးသားသူ–မောင်မောင်မြင့်ဆွေ စာမျက်နှာဖွဲ့စည်းမှု – ထိန်လင်း

လန်ဒန် ဖေဖော်ဝါရီ ၁၇

တစ်ကမ္ဘာလုံးဘောလုံးပရိသတ်တွေ မျှော်လင့်စောင့်စားနေကြတဲ့ ချန်ပီယံလိဂ် ၁၆သင်း အဆင့်ရှုံးထွက် ပထမအကျော့ပွဲစဉ်တွေကို ဖေဖော်ဝါရီ၂၀ရက်နဲ့ ၂၁ရက်တွေမှာ ကစားပါတော့မယ်။ ဒီ၁၆သင်းအဆင့်ကို ရောက်ရှိလာတဲ့ အသင်းတွေဟာ ကမ္ဘာ့ထိပ်တန်းအဆင့် ဘောလုံးအသင်းတွေ ချည်းဖြစ်နေတာမို့ ဘောလုံးပရိသတ်တွေကို ရင်ခုန်လှိုက်မောဖွယ်ရာရသမျိုးစုံကို ပေးစွမ်းဦးမှာ သေချာနေပြန်ပါတယ်။

လီယွန်နှင့် မန်ယူ

ဒီနှစ်သင်းရဲ့ အနီးစပ်ဆုံးပွဲရလဒ်တွေကို ကြည့်ရင် ၂၀၀၄ခုနှစ်က မန်ယူကွင်းမှာ လီယွန်ကို နှစ်ဂိုး –တစ်ဂိုးနဲ့အနိုင်ယူခဲ့တဲ့ မှတ်တမ်းရှိသလို လီယွန်ကွင်းမှာ မန်ယူတို့ နှစ်ဂိုးစီသရေပွဲဖြစ်အောင် ကစားနိုင်ခဲ့ပါတယ်။ မန်ယူအသင်းမှာ ဂစ်၊ ပေါလ်စခိုးတို့ ကြံ့ခိုင်မှုအပြည့်နဲ့ ပါဝင် ကစားနိုင်ကြမှာဖြစ်ပြီး ရွန်နေ၊ စီရိုနယ်ဒို၊ တီဗက်ဇ်၊ အန်ဒါဆင်၊ နာနီ၊

ရီးရဲရဲ့ ဂိုးသွင်းသူရဲကောင်း နစ္စတယ်ရွိုင်း ရလဒ်ကောင်းအောင် ဆောင်ကြဉ်းပေးနိုင်မလား။

ဟားဂရေ့ဗ်နဲ့ဖာဒီနန်တို့ကိုလည်း ဖာဂူဆန်အကုန်ထုတ်သုံးပါလိမ့်မယ်။ လောလောဆယ်မှာ မန်ယူဟာ ပုံမှန်ခြေစွမ်းပြနိုင်နေတာမို့ အိမ်ကွင်းမာကျောတဲ့ လီယွန်ကို လက်ရှိကစားအားနဲ့သိပ်တော့မလွယ်ပါဘူး။

လီယွန်နဲ့ပွဲတိုင်း မန်ယူတို့ ခြေကုန်လက်ပန်းကျအောင်ကစားခဲ့ရတာ ချည်းဆိုတော့ လက်ရှိကစားနှုန်းထက် ပိုမိုအားထည့်မှ ရပါလိမ့်မယ်။ မန်ယူရဲ့ခံစစ်၊ တိုက်စစ်အားက လီယွန်ထက် သာလွန်နေတာတော့ မှန်ပါတယ်။ ဒါပေမယ့် လီယွန်မှာလည်း ရှီဗူးနဲ့ ဘန်ဇီးမာတို့လို ထက်မြက်တဲ့ တိုက်စစ်မှူးတွေရှိသလို လက်ရှိအချိန်မှာအတွဲလည်းညီပြီး ဂိုးတွေသွင်းယူနေကြတဲ့ တိုက်စစ်မှူးတွေဖြစ်ပါတယ်။ လီယွန်အလယ်တန်းမှာ စထရွန်း၊ ဂျာနင်ဟိုနဲ့ ဘင်အာဖာတို့က ပေါလ်စခိုး၊ အိုဝင်၊ ဟားဂရေ့ဗ်၊ နာနီ၊ အန်ဒါဆင်တို့နဲ့ ယှဉ်နိုင်သလို တစ်ဖက်အသင်း တိုက်စစ်ကို ကွင်းလယ်ဖြတ်ပြီး ဟန့်တားနိုင်သူတွေဖြစ်တာမို့ မန်ယူတို့ စိတ်ဓာတ်မြင့်မြင့်မားမားနဲ့ ကစားမှ တန်ကာကျပါလိမ့်မယ်။ ဖာဂူဆန်ဟာ ဒီနှစ်ဖလားသုံးလုံး အိပ်မက်ကို အကောင်အထည်ဖော်ဖို့အတွက် အရေးကြီး

ပေါ်တိုအတွက် ဂိုးတွေ အဆက်မပြတ်သွင်းပေးသော ကွာရက်စ်မာ။

တဲ့ပွဲစဉ်တွေနဲ့ ရင်ဆိုင်နေရချိန် လူအခင်းအကျင်းနဲ့ဗျူဟာပိုင်းတွေမှာ သေသေချာချာ ပြင်ဆင်ထုတ်သုံးမှာဖြစ်တာမို့ အားချင်းတူနေတဲ့ ဒီနှစ်သင်းရလဒ်ကို ချင့်တွက်ရင် ညီမျှခြင်းကျသွားမလားလို့ ထင်မိပါတယ်။

အာဆင်နယ်နှင့် အေစီမီလန်

ဒီပွဲက တကယ့်ပွဲကြီးပွဲကောင်းပါပဲ။ လက်ရှိခြေစွမ်းပိုင်းကိုကြည့်ရင် အာဆင်နယ်က အကောင်းဆုံးခြေစွမ်း ပိုင်ဆိုင်ထားပေမယ့် တည်ငြိမ်မှုကတော့ အားနည်းနေပါတယ်။ အာကြီးရဲ့ တိုက်စစ်မှာ အဒီဘာယောက ထူးထူးခြားခြား ခြေစွမ်းတွေပြနေပြီး ဂိုးသွင်းခြေကလည်း မြူးနေတာကြောင့် အာစင်ဝင်းဂါးဟာ အိမ်ကွင်းမှာ အဒီဘာယောအားကိုးနဲ့ အေစီမီလန်ကို ဖြိုဖို့ ကြိုးစားပါလိမ့်မယ်။

အာကြီးနဲ့အေစီမီလန်တို့ရဲ့ အနီးကပ်ဆုံး ဆုံတွေ့ခဲ့တဲ့ပွဲရလဒ်တွေကိုကြည့်ရင် ၁၉၉၅ခုနှစ်က အေစီမီလန်ကွင်းမှာ အာကြီးတို့ နှစ်ဂိုးပြတ်နဲ့ရှုံးခဲ့သလို အဲဒီနှစ်က အိမ်ကွင်းမှာ အာကြီးတို့ အေစီမီလန်ကို ဂိုးမရှိ သရေကစားခဲ့ပါတယ်။ အဲဒီတုန်းက နှစ်ကျော့စလုံးမှာ အာကြီးတို့အနိုင်မရခဲ့ပေမယ့် အခုအာကြီးခြေစွမ်းက အက်ဖ်အေမှာ မန်ယူကို ဂိုးပြတ်ရှုံးခဲ့ပေမယ့်အကောင်းဆုံးခြေစွမ်းကို ပိုင်ဆိုင်ထားတဲ့အသင်း ဖြစ်နေပါတယ်။ ပြိုင်ဘက်တိုင်းကို ခြိမ်းခြောက်နိုင်စွမ်းရှိတဲ့ အာဆင်နယ်တို့ အိမ်ကွင်းမှာ အေစီမီလန်ကို ရှုံးကြွေးတွေ ပြန်ဆပ်ပါလိမ့်မယ်။ ဒါပေမယ့် ဒီနှစ်အေစီမီလန်ရဲ့ ခြေစွမ်းကလည်း အဝေးကွင်းရလဒ် ကောင်းနေပြန်တာကြောင့် အာစင်ဝင်းဂါး သတိကြီးကြီးထားပြီး ကစားမှရပါလိမ့်မယ်။ ဒီပွဲအနေအထားကို ကြည့်ရင်တော့ အိမ်ရှင်ဘက်ကပဲ ရပ်ရမယ့် အနေအထားပါ။

အိုလံပီယာကို့စ်နှင့် ချယ်လ်ဆီး

အိမ်ကွင်းကစားရခက်တဲ့ အိုလံပီယာကို့စ်ကို ချယ်လ်ဆီးတို့ ရင်ဆိုင်ဖို့ ခက်ခဲမယ့်အနေအထားပါပဲ။ အိုလံပီယာကို့စ်မှာ ဘာရာဗို၊ လွာလွာ၊ လီဒက်စ်မာတို့က အသင်းရဲ့အဓိကမောင်းနှင်အားတွေဖြစ်သလို နောက်တန်းလည်း တောင့်တင်းတဲ့

အာကြီးအတွက် အားထားစရာ တိုက်စစ်မှူး အဒီဘာယော။

အသင်းဖြစ်ပါတယ်။ အုပ်စုပွဲတွေကစားခဲ့တုန်းကလည်း ရီးရဲမက်ဒရစ်နဲ့ဝါဒါဘရီမင်တို့လို မာကျောတဲ့ အသင်းကြီးတွေကို သရေနဲ့ နိုင်ပွဲတွေရအောင် ကစားထားခဲ့တဲ့ခြေစွမ်းလည်းရှိနေတာမို့ အဝေးကွင်းမှာ ချယ်လ်ဆီးတို့ မျှော်လင့်ချက်ကြီးကြီးထားလို့ မရနိုင်ပါဘူး။

ချယ်လ်ဆီးရဲ့ ခြေစွမ်းကတော့ အတက်အကျမရှိ ပုံမှန်အတိုင်း ခရီးဆက်နေတဲ့ အနေအထားပါ။ ချယ်လ်ဆီးတိုက်စစ်မှာ အနယ်ကာရှိနေလို့ မာကျောနေတဲ့အပြင် ဒရော့ဘာတို့လည်း ပြန်ကစားနေတာမို့ ချယ်လ်ဆီးတိုက်စစ်က အင်အားအပြည့် ရှိနေပါတယ်။ ချယ်လ်ဆီး ကွင်းလယ်က လမ်းပတ်နဲ့အက်စီယမ်တို့က အိုလံပီယာကို့စ် ကွင်းလယ်ကစားသမားတွေထက်ပိုပြီး ထက်မြက်သလို အကွက်လည်းစေ့တာမို့ အိမ်ကွင်းဆိုပေမယ့် အိုလံပီယာကို့စ်တို့လည်း သိပ်တော့မချောင်ပါဘူး။ ဒါကြောင့် ဒီပွဲရလဒ်ဟာ ဘယ်ဘက်မှ ယိမ်းလို့မရတဲ့ အနေအထားပါပဲ။

လီဗာပူးနှင့် အင်တာမီလန်

ချန်ပီယံလိဂ်မှာ အစဉ်အလာရှိတဲ့ လီဗာပူးကို အင်တာမီလန်တို့ ဘယ်လိုရင်ဆိုင်သွားမလဲဆိုတာ စောင့်ကြည့်ရပါလိမ့်မယ်။ ဘင်နီတက်ဇ်ဟာ ပရီမီယာလိဂ်မှာ ရလဒ်ကောင်းအောင် မစွမ်းဆောင်နိုင်ပေမယ့် ချန်ပီယံလိဂ်ပွဲတွေမှာ လမိုင်းကပ်တဲ့ နည်းပြတစ်ဦးဖြစ်ပါတယ်။ လီဗာပူးဟာ ချန်ပီယံလိဂ်နောက်ဆုံး သုံးကြိမ်မှာ နှစ်ကြိမ်ဗိုလ်လုပွဲအထိ ရောက်အောင်ကစားနိုင်တဲ့ အသင်းဖြစ်သလို အသင်းလိုက်ခြေပေါ်အောင်ကစားနိုင်ခဲ့ရင်တော့ ဘယ်အသင်းမှ တောင့်မခံနိုင်တဲ့ ခြေစွမ်းမျိုးရှိနေပါတယ်။

ဒါပေမယ့် အင်တာမီလန်ရဲ့ လက်ရှိခြေစွမ်းကို ကြည့်ရင် စီးရီးအေမှာ ထိပ်ဆုံးက လွတ်လွတ်ကျွတ်ကျွတ် ရပ်တည်နိုင်တဲ့ အသင်းဖြစ်ပါတယ်။ အင်တာမီလန်မှာ ဂိုးသွင်းဘုရင်ဖြစ်တဲ့ အိဘရာဟီမိုဗစ်ထိုးဖောက်မှုကို စကာတယ်လ်နဲ့ကာရေဂါတို့ ဦးဆောင်တဲ့ လီဗာပူးခံစစ်မှူးတွေ ဘယ်လိုထိန်းကြမလဲဆိုတာ

ဂိုးသွင်းခြေစွမ်းပြန်ရနေတဲ့ ရွန်နေ ဒီပွဲမှာ မန်ယူအတွက် ဂိုးတွေ သွင်းယူပေးမှာလား။

တွေ့ရတော့မှာ ဖြစ်ပါတယ်။ အင်တာမီလန်ဟာ အဝေးကွင်း၊ အိမ်ကွင်း ခြေစွမ်းပြနိုင်တဲ့ အသင်းဖြစ်တာမို့ လီဗာပူးတို့ အန်ဖီးလ်မှာ ခက်ခက်ခဲခဲ ရင်ဆိုင်ရပါလိမ့်မယ်။ ဘင်နီတက်ဇ်နဲ့လီဗာပူးအပေါ် ယုံကြည်စိတ်ချမှုနည်းနေတဲ့ပရိသတ်အတွက်ကတော့ တကယ်ရင်ပူစရာပွဲ ဖြစ်နေတာမို့ ဒီနှစ်သင်းမှာ ဘယ်အသင်းမှ ချိန်ခွင်လျှာ အသာရလိမ့်မယ်လို့ မထင်မိပါဘူး။

ရီးမားနှင့် ရီးရဲမက်ဒရစ်

အချိန်တိုအတွင်းမှာ ပွဲရလဒ်တွေ ပြောင်းသွားအောင် ကစားနိုင်ကြတဲ့ ဒီနှစ်သင်းအဖြစ်က ကြွေတစ်လှည့် ကြက်တစ်ခုန်အနေအထားပါပဲ။ ရီးမားက ကစားကွက် စီးမိရင် အချိန်တိုအတွင်းမှာ ဂိုးတွေဆက်တိုက် သွင်းယူနိုင်သလို ရီးရဲမက်ဒရစ်က ဂိုးသွင်းစက် နစ္စတယ်ရွိုင်းကလည်း မိနစ်ပိုင်းအတွင်း ဂိုးတွေသွင်းယူနိုင်တဲ့ တိုက်စစ်မှူးတစ်ဦးပါပဲ။ ဒီနှစ်သင်းဟာ ချန်ပီယံလိဂ်ပွဲ ခြောက်ပွဲကစားခဲ့ဖူးတဲ့ ရလဒ်တွေကို ပြန်သုံးသပ်ရင် ရီးရဲမက်ဒရစ် လေးပွဲနိုင်ပြီး ရီးမားတို့က တစ်ပွဲနိုင်၊ တစ်ပွဲသရေရလဒ်တွေ ပိုင်ဆိုင်ထားကြပါတယ်။

ဒါပေမယ့် ဒီနှစ်ရီးမားခြေက ချန်ပီယံလိဂ်အုပ်စုပွဲမှာ မန်ယူကို သရေ၊ ဒိုင်နမိုကိယက်ဗ် နှစ်ဂိုးပြတ်အနိုင်ရခဲ့တဲ့ ခြေစွမ်းအတိုင်းသာရခဲ့ရင် ရီးရဲမက်ဒရစ်တို့ အဝေးကွင်းမှာ ရင်မောစရာအဖြစ်တွေ ကြုံတွေ့ရနိုင်ပါတယ်။ ရီးမားရဲ့ တိုက်စစ်မှူး တော့တီနဲ့ နောက်တန်းက အုတ်တံတိုင်း ပနူချီတို့ကိုယုံပြီး ဒီပွဲရလဒ်ကို အိမ်ရှင်တို့ကိုပဲ ပုံပေးလိုက်ချင်ပါတယ်။

ရှော်လ်ကေးနှင့် ပေါ်တို

ပေါ်တိုခြေက အဝေးကွင်း၊ အိမ်ကွင်း ပုံမှန်ဖြစ်ပေမယ့် တစ်ခါတလေ အမှားတွေဆက်တိုက်ဖြစ်ပြီး ဂိုးတွေပေးရလေ့ရှိတာကြောင့် ယုံကြည်စိတ်ချရဖို့တော့ ခက်ခက်ပါပဲ၊ ပေါ်တိုမှာ အားကိုးအားထားစရာဆိုလို့ တိုက်စစ်မှူး ကွာရက်စ်မာရှိနေပြီး ပေါ်တိုရဲ့ အနိုင်အရှုံးကလည်း သူ့အပေါ်မှာပဲတည်နေပါတယ်။

ဒါပေမယ့် ရှော်လ်ကေးတို့က တစ်သင်းလုံး ညီညွတ်ပြီး စိတ်ဓာတ်အင်အားကောင်းတဲ့ အသင်းဖြစ်သလို ပွဲချိန်ပြည့် ကစားအားမချဘဲ တောက်လျှောက်တင်ကစားနိုင်တဲ့ အသင်းဖြစ်ပါတယ်။ ခံစစ်ကြောင်း အားကောင်းတဲ့ ရှော်လ်ကေးကို ပေါ်တို တိုက်စစ်မှူးတွေ ထင်တိုင်းပေါက်နိုင်ဖို့ သိပ်မလွယ်ပါဘူး၊ ဒီပွဲမှာနှစ်သင်းစလုံး တစ်မှတ်စီခွဲယူရလိမ့်မယ်လို့တော့ ထင်မိပါတယ်။

ဆဲလ်တစ်နှင့် ဘာစီလိုနာ

အုပ်စုပွဲမှာ ပွဲတိုင်းအနိုင်ကစားခဲ့တဲ့ ဆဲလ်တစ်ကို ဘာစီလိုနာတို့ အလေးအနက်ထား ကစားရပါလိမ့်မယ်။ တစ်သင်းလုံး နားလည်မှုအပြည့်ရှိတဲ့ ဆဲလ်တစ်အသင်းကို ဘာစီလိုနာတို့ ဘယ်လိုအနိုင်ကစားမလဲဆိုတာ စဉ်းစားစရာပါပဲ။ အေစီမီလန်၊ ဘင်ဖီကာနဲ့ ရှက်တာဒိုးနက်တို့လို မာကျောတဲ့ အသင်းကြီးတွေကို ဆဲလ်တစ်တို့ ဆက်တိုက်ဖြိုခွင်းခဲ့တာမို့ ဘာစီလိုနာဟာ အဝေးကွင်းမှာ ထင်ထားတာထက် ပိုရုန်းကန်ရပါလိမ့်မယ်။

ဒါပေမယ့် ဘာစီလိုနာဟာ ရှေ့လယ်နောက် ကစားအားမျှတတဲ့ အသင်းဖြစ်သလို ဝါရင့်သမ္မာရင့် ကစားသမားတွေ အများစုပါဝင်နေတဲ့အပြင် ရော်နယ်ဒင်ဟို၊ အွန်နရီတို့ကလည်း စွမ်းအားပြည့် ပြန်ကစားနိုင်ရင်တော့ ဒီပွဲမှာ ဘာစီလိုနာကိုပဲ မျက်နှာသာပေးပြီး ပွဲရလဒ်ကို အပ်နှင်းလိုက်ချင်ပါတယ်။

ဖီနာဘာချီနှင့် ဆီဗီလာ

ရောဘတ်တိုကားလို့စ်နဲ့ စတီဖင်အပီးယားတို့ရှိနေတဲ့ ဖီနာဘာချီကို ကနူတေး၊ ဖေဘီယာနိုတို့ဦးဆောင်တဲ့ ဆီဗီလာတို့ လွယ်ပါ့မလားဆိုတာ ပူပင်စိတ်ဖြစ်စရာပါပဲ။ ဖီနာဘာချီဟာ အိမ်ကွင်းမှာ ပြိုင်ဘက်အသင်းတိုင်းကို အနိုင်ရအောင် ကစားနိုင်တဲ့ ခြေစွမ်းရှိသလို တစ်ဖက်အသင်းကစားကွက်ပျက်အောင်လည်း ကစားနိုင်တဲ့အသင်းဖြစ်တာမို့ နာမည်ကြီး ဆီဗီလာတို့ အဝေးကွင်းမှာ ရင်မောစရာနဲ့ ကြုံတွေ့ရနိုင်ပါတယ်။ ဒါကြောင့် အိမ်ရှင်ဖီနာဘာချီတို့ဘက်ကပဲ ပြတ်ပြတ်သားသား ရပ်လိုက်ချင်ပါတယ်။ ။ **(မြန်မာ့အလင်း)**

ချင်းတွင်းမြစ်အနောက်ခြမ်း ကလေး၊ ကလေးဝ၊ မင်းကင်းဒေသများ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်လာ

ကလေး ဖေဖော်ဝါရီ ၁၇

စစ်ကိုင်းတိုင်း ကလေး၊ ကလေးဝနှင့်မင်းကင်းမြို့နယ်စသော ချင်းတွင်းမြစ် အနောက်ဘက်ခြမ်းဒေသရှိ ကျေးရွာလေးများသည် ခေတ်အဆက်ဆက် လမ်းပန်းဆက်သွယ်ရေး မကောင်းခဲ့သဖြင့် လူသူအရောက်အပေါက် နည်းပါးကာ အလွန်ခေတ်နောက်ကျခဲ့သည်။ ယခု တပ်မတော်အစိုးရလက်ထက်တွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ မြန်မာနိုင်ငံ တစ်နံတစ်လျား လမ်းတံတားများ ကွန်ရက်သဖွယ် ဖောက်လုပ်ပေးခဲ့သဖြင့် မြန်မာနိုင်ငံ မြောက်ဖျားမှ တောင်ဖျား၊ အရှေ့ဖျားမှ အနောက်ဖျားအထိ တောက်လျှောက်သွားလာနိုင်ပြီ ဖြစ်သည်။ ထို့အပြင်မြို့နှင့်ကျေးလက် ကွာဟမှု ကျဉ်းမြောင်းအောင် ခရိုင်ချင်းဆက်လမ်းများ ဖောက်လုပ်ပေးခဲ့သဖြင့် ကျေးလက်ဒေသများလည်း တစ်ရှိန်ထိုး ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

ဖွံ့ဖြိုးလာ

ထိုအသီးအပွင့်များကို ကလေး၊ ကလေးဝနှင့်မင်းကင်းဒေသ ကျေးရွာနေပြည်သူများလည်း ခံစားကြရသည်။ ယခင်က လမ်းပန်းဆက်သွယ်ရေး မကောင်းသဖြင့် ရေတစ်တန်၊ ကုန်းတစ်တန်သွားရသော အဆိုပါဒေသများတွင် ကလေး-မုံရွာ-ရာကြီးလမ်းမကြီး ဖောက်လုပ်ပေးခဲ့သဖြင့် ချင်းတွင်းမြစ် အနောက်ဘက်ခြမ်းဒေသများတွင် ခရီးသည်တင်ဘတ်စ်ကားများ ကုန်တင်ယာဉ်များဖြင့် ဥဒဟိုသွားလာလျက်ရှိရာ စီးပွားရေးလည်း ဖွံ့ဖြိုးတိုးတက်လာသည်။ ထို့အပြင် ကလေးဝမြစ်သာမြစ်ဆုံတွင် အရှည်ပေ ၁၃၄၀ရှိ မြစ်ဖြတ်တံတားကြီး ဖောက်လုပ်ပေးခဲ့သဖြင့်လည်း ချင်းတွင်းမြစ် အနောက်ခြမ်းဒေသများ၏ စီးပွားရေးမှာလည်း သိသာစွာဖွံ့ဖြိုးလာခဲ့သည်။

တီထွင်ထုတ်လုပ်

ယနေ့ဆိုပါလျှင် မန္တလေးမြို့ ကိုယ်ဘရားတားကုမ္ပဏီမှ တီထွင်ထုတ်လုပ်ထားသော ခရီးသည်နှင့်ကုန်စည်တင် သုံးဘီး ဆိုင်ကယ်များ ပြေးဆွဲပေးလျက်ရှိသည်။ ကလေးမြို့နယ်တွင် ကလေး-တမူးလမ်းရှိ ကံကြီး၊ ကံသာ၊ စခန်းကြီး၊ ကြက်ဖနက်ကျေးရွာများ၊ ကလေး၊ တာဟန်းနှင့် တက္ကသိုလ်များသို့လည်း သုံးဘီးဆိုင်ကယ်များ ပြေးဆွဲလျက်ရှိကြောင်း သတင်းမှတ်စုရေးသားလိုက်ရပါသည်။ ။

သတင်းမှတ်စု - သတင်းထောက်ဘဟန်

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၃၅ရပ်ကွက် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲမှ ဖေဖော်ဝါရီ ၄ရက်က အမက(၁၅)ကျောင်း၌ ပညာသင်ရန်ချို့တဲ့သည့် ကျောင်းသားကျောင်းသူများအား ပညာသင်ထောက်ပံ့ငွေ ပေးအပ်ပွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သောင်းမြက အမှာစကား ပြောကြားစဉ်။ (က-ပ)

ပညာရည်ချွန်ဆုနှင့် ဘက်စုံထူးချွန်ဆုချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ရန်ကုန်တိုင်း ဒဂုံဆိပ်ကမ်းမြို့နယ် သရက်ပင်ချောင်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) ၂၀၀၇-၂၀၀၈ ပညာရည်ချွန်ဆုပေးပွဲ၊ ဘက်စုံ ထူးချွန်ဆုနှင့် အခြေခံပညာ မူလတန်း သင်ယူပြီးမြောက်ကြောင်း လက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၃ရက်က အဆိုပါကျောင်း၌ ကျင်းပသည်။

ချီးမြှင့်

အခမ်းအနားတွင် ဆုရရှိသူများအား မြို့နယ်လက်ထောက်ပညာရေးမှူး ဦးကျော်သောင်းနှင့် ကျောင်းအကျိုးတော်ဆောင်များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဦးနှင့် သရက်ပင်ချောင်ကျေးရွာ စခန်းမှူးတို့က ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ အခြေခံပညာမူလတန်း သင်ယူပြီးမြောက်ကြောင်း လက်မှတ်များကို ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။ **(၁၁၄)**

ဝေါမြို့အဝင် လမ်းဘေးဝဲယာ ပန်းအလှပင်များ စိုက်ပျိုးရန် ပန်းအိုးများပြုလုပ်မှုကို ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောရွှေနှင့် အငယ်တန်း အင်ဂျင်နီယာ(၂)ဦးပြည့်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျောက်တန်းမြို့ ရွှေကုန်းလမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ရက်ကကျင်းပရာ ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ချိုနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြပြီး အခမ်းအနားကို မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်ခင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးသက်အောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မန္တလေးပြည်ကြီးတံခွန် ငြိမ်းချမ်းရွှေပြည်ကျောင်းတိုက်နှင့် ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် (ဃ) ရပ်ကွက် လုပ်သားလမ်း သံသုမာလမ်းမကြီး သွားကောလိပ်အနီး ဇေယျာရွှေပြည် ကျောင်းတိုက်တို့၏ ပဓာန နာယက သာသနဇောတိကဓမ္မာစရိယ သဒ္ဓမ္မဇောတိက ဓဇ မဟာဂန္ထဝါစကပဏ္ဍိတ ဓမ္မကထိက

သီတဂူ ကြယ်တစ်ပွင့် ဓမ္မသဘင်

ဗဟုဇနဟိတဓရ သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒသည် ဖေဖော်ဝါရီ ၂၀ ရက်ညတွင် ကျောက်မီးရှု-ပုသိမ်ကြီး၊ ၂၁ရက် (ဆည်းဆာ)တွင် ပန်းတင်းတန်းရပ် တမ္ပဝတီ မန္တလေး၊ ၎င်းည သင်ပန်းကုန်း မန္တလေး၊ ၂၂ရက်ညတွင် အုတ်ကျောင်းဘုရားကြီးရပ် မုံရွာ၊ ၂၃ရက်ညနှင့် ၂၄ရက် ညတွင် မိတ္ထီလာမြို့၊ ၂၅ ရက်ညတွင် မြင်းခြံမြို့၊ ၂၆ရက်(ဆည်းဆာ)တွင် ၁၄၇လမ်း အရိုးကုန်း ကျောက်မြောင်း ရန်ကုန်၊ ၎င်းညတွင် စေတနာ သမ္မာရ ကြည့်မြင်တိုင် ရန်ကုန်မြို့၊ ၂၇ရက် (ဆည်းဆာ)တွင် ၅ရပ်ကွက် သုမနဗိမာန် သာကေတ ရန်ကုန်မြို့၊ ၎င်းညတွင် ၁၁ရပ်ကွက် လှိုင်သာယာ ရန်ကုန်မြို့၊ ၂၈ရက်ညတွင် ၁၁ ရပ်ကွက် လှိုင်သာယာ၊ ၂၉ရက်နှင့် မတ် ၁ ရက်ည ပြည်မြို့၊ ၂ရက်ညတွင် ဥက္ကံမြို့၊ ၃ရက်နှင့် ၄ရက်တွင် ဘားအံမြို့၊ ၅ရက်(ဆည်းဆာ)တွင် ပြည်ရိပ်မွန် ကမာရွတ်၊ ၎င်းည ထ/၁၆ ရပ်ကွက် ရွှေပြည်သာ ရန်ကုန်မြို့၊ ၆ရက်(ဆည်းဆာ)တွင် ကိုးတွင်းကျောင်း ၁၀ရပ်ကွက် လှိုင် ရန်ကုန်မြို့၊ (၎င်းည) ရတနာသိင်္ဂီဈေး မြောက်ဥက္ကလာပ ရန်ကုန်မြို့ ဓမ္မသဘင်များ၌ တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ကြက်ဆူပင်စိုက်ပျိုးရေး ပညာပေးဟောပြော

ရွှေဘို ဖေဖော်ဝါရီ ၆

ခြံစည်းရိုးကြက်ဆူပင်နှင့် ဇီဝလောင်စာထုတ်လုပ်မှု အသိပညာပေး ဟောပြောပွဲကို ဇန်နဝါရီ၃၀ ရက်ည ၇နာရီက ရွှေဘိုမြို့ ရန်ကြီးအောင် ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်က အဖွင့်အမှာစကား ပြောကြားပြီး စာရေးဆရာ ရုပ်ရှင်ဒါရိုက်တာ ဇွန်မောင်မောင်နှင့် ကဗျာဆရာ မောင်လွမ်းနွယ်(အောင်လံ)တို့က အသိပညာပေး ဟောပြောကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဖျာပုံမြို့နယ် သဲအိမ်ကျောင်းစု(၁) အခြေခံ ပညာ အလယ်တန်းကျောင်းခွဲ ဆိုင်းဘုတ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၉ ရက်က ကျင်းပရာ ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး ဦးဘုန်းမြင့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးမြင့်ဇော်နှင့် ခရိုင်ပညာရေးမှူး ကိုယ်စား အထက(၃) ကျောင်းအုပ်ဆရာကြီး ဦးကြည်တင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာမဟာသိပ္ပံအတွက် ပညာဒါနပြုရန် ဦးသိန်းချို မိသားစုနှင့် မိတ်ဆွေများကိုယ်စား ဒေါ်ဝင့်သူသူမောင် (စေတနာစာပေ)က အလှူငွေကျပ် ငါးသိန်းနှင့် FEC 500 ကို အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာမဟာ သိပ္ပံ၏ ဥက္ကဋ္ဌနှင့် ဒုတိယပါမောက္ခချုပ် အငြိမ်းစားသံအမတ်ကြီး ဦးမြသန်းအား သာဓုကာရီဓမ္မာရုံ၌ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဇန်နဝါရီ ၃၀ရက်က တာမွေမြို့နယ် ဗျိုင်းရေအိုးစင်ကွက်သစ်ရပ်ကွက် အတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စီမံချက်အရ အသိပညာပေး ဆွေးနွေးခြင်း၊ မီးသတ်ဆေးဘူး ထားရှိစေခြင်းနှင့် မီးသတ်ဆေးဘူးများ စစ်ဆေးခြင်းလုပ်ငန်းကို သန္ဓေတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တစ်အိမ်တက်ဆင်း စစ်ဆေးကြစဉ်။ (က-ပ)

ဆင်ဘိုမြို့ အထက ပညာရေးစုံညီပွဲကျင်းပ

ဆင်ဘို ဇန်နဝါရီ ၃၀

ကချင်ပြည်နယ် ဆင်ဘိုမြို့ အထက ၂၀၀၇-၂၀၀၈ ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ၅ ရက် နံနက်၉ နာရီက အထက ကျောင်းရှေ့ကွင်းပြင်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး စာပေ၊ အနုပညာနှင့် အားကစား ပြိုင်ပွဲဆုရ ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်သည်။ **(မြို့နယ် ပြန်/ဆက်)**

သန်လျင်သိမ်ကျောင်း ပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် ဝိဇာတမွေးနေ့ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

သန်လျင်မြို့ သိမ်ကျောင်း ပရိယတ္တိစာသင်တိုက် မိုးကုတ်ဓမ္မရိပ်သာ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသုဝဏ္ဏအရှင်မြတ်၏ (၄၆)နှစ်ပြည့် ဝိဇာတမွေးနေ့ မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက်က ယင်းကျောင်း ဓမ္မာရုံ၌ ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော်ကိုးဘွဲ့ရ ရွှေဟင်္သာ ဆရာတော် ဘဒ္ဒန္တအာစာရာလင်္ကာရ အရှင်မြတ်ထံမှ ဩဝါဒကထာ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး မွေးနေ့ဆွမ်း အနုမောဒနာတရား နာယူကြသည်။

ထို့နောက် သိမ်ကျောင်းပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အမှူးပြုသော ပင့်သံဃာတော်များအား ဆွမ်းအလှူရှင်နွားထိုးကြီးမြို့နယ် ပန်းတိုင်ကုန်း ကျေးရွာနေ ဦးချစ်မောင်–ဒေါ်ညို မိသားစုက ဆရာတော်၏ မွေးနေ့အလှူအဖြစ် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး **(အပေါ်ဝဲပုံ)** ရေစက်သွန်းချ အမျှပေးဝေကြသည်။ **(ခရိုင် ပြန်/ဆက်)**

ပေါက်ခေါင်းမြို့ သောင်ရကျေးရွာ၌ စာဖတ်ဝိုင်းကျင်းပ

ပေါက်ခေါင်း ဖေဖော်ဝါရီ ၅

ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ ဇန်နဝါရီ ၂၃ရက်က ညောင်ကုန်းကျေးရွာအုပ်စု သောင်ရကျေးရွာ သုတရသစာကြည့်တိုက်၌ ဟောပြောပွဲနှင့်စာဖတ်ဝိုင်းကို ကျင်းပသည်။

ဆွေးနွေး

ဟောပြောပွဲတွင် ညောင်ကုန်းကျေးရွာ အုပ်စုအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးဟန်ဝင်းအောင်က အမှာစကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးဒေါ်ခင်ဝင်းတင့်က စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် စာကြည့်တိုက်အကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ရုပ်သံကျွမ်းကျင်–၃ ဦးစိုးနိုင်က စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးငါးချက်နှင့် စာပေရေးရာများကိုလည်းကောင်း ဆွေးနွေးဟောပြောကြသည်။

ဖတ်ကြား

ဆက်လက်၍ စာဖတ်ဝိုင်းကျင်းပရာ စာကြည့်တိုက်မှူး ဒေါ်နွယ်နွယ်အောင်က ဒို့ကျေးရွာဂျာနယ်အတွဲ ၅၊ အမှတ် ၂၀ါ စာတည်းမှူး၏ မှတ်ဉာဏ်ကောင်းရန် မခက်ပါကို လည်းကောင်း၊ သောင်ရကျေးရွာ အမျိုးသမီးရေးရာအဖွဲ့ဝင် မလဲ့လဲ့ခိုင်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် မဌေးဌေးရီတို့က နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရန် အမျိုးသားညီလာခံ စုံညီအစည်းအဝေးများကချမှတ်သည့် အခြေခံမူများနှင့် အသေးစိတ် အခြေခံရမည့်မူများ စာအုပ်မှ အခန်း(၁) နိုင်ငံတော်အခြေခံမူများအခန်းကိုလည်းကောင်း ဖတ်ကြားဆွေးနွေးကြသည်။

ရှင်းလင်း

ထို့နောက် မြို့နယ်ဦးစီးမှူးဒေါ်ခင်ဝင်းတင့်က ဆွေးနွေးချက်များအပေါ် ပြန်လည် သုံးသပ်တင်ပြပြီး စာဖတ်ဝိုင်းကျင်းပရခြင်းကို ရှင်းလင်းပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

အခန်း(၂၇)အမျိုးသမီးဆောင် မဟာစည်သာသနာ့ရိပ်သာ ဇဟန်းနေ ဆွေမျိုးများ၊ အဒေါ်များနှင့် ဦးလေးတို့အား ရည်စူး၍ ဇန်နဝါရီ ၈ရက်က ဒေါ်မြသွယ်နှင့် တူ၊တူမများက မဟာစည်သာသနာ့ရိပ်သာ ဟိတေသီအဖွဲ့သို့ ငွေပဒေသာပင် ငွေကျပ်နှစ်သိန်းနှင့် ဆွမ်းရန်ပုံငွေကျပ်တစ်သိန်းစုစုပေါင်း ငွေကျပ်သုံးသိန်းလှူဒါန်းရာ အဖွဲ့ဥက္ကဋ္ဌ ဦးကျော်နှင့် အမှုဆောင်အဖွဲ့ဝင်များက လက်ခံယူစဉ်။ (က–ပ)

ကြော်ငြာစာ

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် သီရိမာလာအနောက်ရပ်ကွက် အကွက်အမှတ်၂၀၉၊ဦးပိုင်အမှတ်၁၉၊ ၉၀ X ၉၁ လမ်းကြား၊ ၂၄X၂၆လမ်းကြား ဦးထွန်းအောင်အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဒေါ်ခင်သန်း(ပါ–၂)မှတ်ပုံတင်အမှတ်၉/မနတ(နိုင်)၀၈၀၈၈၈ က အမှုတွဲအမှတ် ၀၇၂၉/ဘပြောင်း ၂၀၀၇–၂၀၀၈ ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် စိတ္တရမဟီရပ်ကွက်၊ အကွက်အမှတ်(၇၂၀) ဦးပိုင်အမှတ် (၃၀–ည)၊ ၇၃လမ်းနှင့် ၇၄လမ်း၊ ၂၈လမ်းနှင့်၂၉လမ်းကြား ဒေါ်ခင်ဌေးရီ အမည်ပေါက် ဘိုးဘွားပိုင်မြေကွက်အား ဦးခဲခဲ(ပါ–၂)မှတ်ပုံတင်အမှတ် ၉/မရမ(နိုင်) ၀၄၄၄၁၁က အမှုတွဲအမှတ် ၀၂၉၄/ဘ(ပြောင်း) ၂၀၀၇–၂၀၀၈ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ဓာတ်မြေသြဇာအမျိုးမျိုး အဝယ်တင်ဒါ (မြန်မာကျပ်ငွေဖြင့်)

အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း လက်အောက်ရှိ စက်ရုံများအတွက် ဓာတ်မြေသြဇာအမျိုးမျိုးကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၁။ **ဝယ်ယူမည့်ပစ္စည်းများ** – ဓာတ်မြေသြဇာအမျိုးမျိုး
၂။ **တင်ဒါပိတ်ရက်နှင့်အချိန်** – ၂၂–၂–၂၀၀၈ရက် မွန်းလွဲ ၁၄နာရီ
၃။ **နေရာ** – နေပြည်တော်

တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်း အသေးစိတ်များကို အောက်ဖော်ပြပါဌာနများတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

တယ်လီဖုန်းအမှတ်– ၀၆၇– ၄၀၈၁၆၂၊ ၀၆၇– ၄၀၈၁၄၃
မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း(ရုံးချုပ်)
နေပြည်တော်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ၄၅၊ မြေကွက်အမှတ် ၉၇၄၊ မြေကွက်တည်နေရာ အမှတ်(၉၇၄)စိုက်ပျိုးရေးလမ်းသွယ်(၃) ၄၅ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) ဦးချစ်ထွန်း အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးချစ်ထွန်း ကွယ်လွန်သဖြင့် ဒေါ်ရီ ၁၂/တမန(နိုင်) ၀၆၁၉၆၆က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် သီရိမာလာအနောက်ရပ်ကွက် အကွက်အမှတ်၂၀၉၊ ဦးပိုင်အမှတ်၂၄၊ ၉၀ X ၉၁ လမ်းကြား၊ ၂၄X၂၆လမ်းကြား ဦးထွန်းအောင်အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဒေါ်ခင်သန်း (ပါ–၂) မှတ်ပုံတင်အမှတ် ၉/မနတ(နိုင်)၀၈၀၈၁၈ က အမှုတွဲအမှတ်၀၇၃၀/ဘပြောင်း ၂၀၀၇–၂၀၀၈ ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

အမည်မှန်

အဖ ဦးအောင်ကျော်ခိုင်၏သားဖြစ်သူ အထက(၂)ဒဂုံ Grade VII(E) မှ မောင်ဟိန်းလင်းဖြိုး၏ အမည်မှန်မှာ မောင်ဟိန်းလင်းထက် ဖြစ်ပါကြောင်း။ **မောင်ဟိန်းလင်းထက်။**

ကန့်ကွက်ရန်ကြော်ငြာ

ကျွန်ုပ်တို့မိတ်ဆွေက ရှမ်းပြည်နယ် တောင်ကြီးခရိုင် တောင်ကြီးမြို့ မြို့မ(၁)၊ ကန်အောက် ရပ်ကွက်၊ အကွက်အမှတ်–၁၆၊ မင်းကျောင်းရပ်၊ ဦးပိုင်အမှတ်–၇၅/က၊မြေကွက်အမှတ်(၆၃)မှ မြေအကျယ်အဝန်း ၀ ဒသမ ၆၃၆ ဧကရှိမြေငှားဂရန်မြေနှင့် အကျိုးခံစားခွင့်များအား ဒေါ်ကြည်ကြည် ၁၃/တကန(နိုင်)၁၃၀၉၄၂ ပါ(၂)ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားဖြင့် ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးသန်းဝင်းရွှေ B.Econ (P&D).,R.L.,D.M.A.,D.B.L, D.M.L.,D.I.L.,H.G.P.
ဦးတင်နိုင် (မြိတ်) B.A., H.G.P., R.L.,D.I.R.,D.B.L, D.M.L.,D.I.L.
တရားရုံးချုပ်ရှေ့နေများ
ဒေါ်သီတာရွှေ LL.B (Ygn) အထက်တန်းရှေ့နေ
ဖုန်း–၂၉၄၃၂၅၊ ၀၉–၅၁–၆၃၂၆၃၊ ၀၉–၅၁–၂၆၄၀၅။

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်း သာကေတမြို့နယ် မြေတိုင်းရပ်ကွက်အမှတ်(၁)၊ လူနေရပ်ကွက် ကျောက်တိုင်တွင် တည်ရှိသော မြေကွက်အမှတ်(၄၄) ဧရိယာ စတုရန်းပေ ၄၄၁၀ (၀ဒသမ၁၀၁)ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်ကို လက်ဝယ်လက်ရှိဖြစ်ကာ တရားဝင်ပိုင်ဆိုင် အကျိုးခံစားခွင့်ရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း တင်ပြပြောဆိုသူထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော အထောက်အထားမူရင်းများဖြင့် ဤကြေညာချက်ပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံတွင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
S.N.DAS GUPTA B.Sc., R.L ADVOCATE
MYANMA LAW FIRM
အမှတ် ၁၈၂၊ ၃၇လမ်း၊ ရန်ကုန်မြို့
ဖုန်း– ၀၉–၉၉–၂၈၅၈၉။

အမည်ပြောင်း

အဖ ဦးစိုးသိန်း၏သားနှင့်သမီး မြောက်ဥက္ကလာပမြို့နယ် အလက (၁) အဋ္ဌမတန်း (D)မှ သန်းထိုက်စိုးအား ချစ်ကိုကိုဟူ၍ လည်းကောင်း၊ သက်ထားစိုးအား ကျော့ကေခိုင် ဟူ၍ လည်းကောင်း ပြောင်းလဲခေါ်ပါရန်။

ချစ်ကိုကို၊ ကျော့ကေခိုင်။

(ကမ–၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် စတ/၁၆၁၄ ဟွန်ဒါ Wave ဆိုင်ကယ်အား စစ်တွေမြို့ မောလိပ်ရပ်ကွက်နေ ဦးဥက္ကာထူးက ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ ပြည်နယ်ရုံး(စစ်တွေ)သို့ လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ပြည်နယ်ရုံး(စစ်တွေ)။

ဖခင်အမည်မှန်

ဝိုင်းမော်မြို့နယ် ခတ်ချိုကျေးရွာ အထက အဋ္ဌမတန်းမှ မောင်ဂျာဇင်နှင့် မောင်ဖဇင်တို့၏ ဖခင်အမည်မှန်မှာ ဦးစိုင်းကျော် တယန(နိုင်) ၀၂၀၉၉၃ ဖြစ်ပါသည်။

မွေးသက္ကရာဇ်အမှန်

အဖဦးစိုင်းကျော်၏သား ဝိုင်းမော်မြို့နယ် ခတ်ချိုကျေးရွာအထက အဋ္ဌမတန်းမှ မောင်ဂျာဇင်နှင့် မောင်ဖဇင်တို့၏ မွေးသက္ကရာဇ်အမှန်မှာ ၃၀–၇–၁၉၉၃ ဖြစ်ပါသည်။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၅၀၁၂၇ Honda Dream 100 ယာဉ်လက်ဝယ်ရှိသူ ဦးတင်ကြိုင် မှတ်ပုံတင်အမှတ် ၉/မရမ(နိုင်)၀၀၀၈၈၉က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)
မန္တလေးမြို့။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၆၅၃၈၅ Honda Dream C 100m ယာဉ်လက်ဝယ်ရှိသူ ဦးတင့်ဝေ မှတ်ပုံတင်အမှတ် ၉/မနတ(နိုင်)၀၀၆၀၆၅က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း၊ မြောက်ပိုင်း)၊ မန္တလေးမြို့။

ဖခင်အမည်မှန်

မြစ်ကြီးနားမြို့ အလက(၃) အဋ္ဌမတန်း (B)မှ မသူဇာဇင်နှင့် တတိယတန်းမှ မခင်မလတ်တို့၏ ဖခင်အမည်မှန်မှာ ဦးကျန်ကျားကွမ်း ၁/မကန(ပြု)၀၀၀၂၅၀ ဖြစ်ပါသည်။

မိခင်အမည်မှန်

အထက၄ (စစ်တွေ) သတ္တမတန်း(A)မှ မောင်ကျော်ဆန်းဝေ၏ မိခင်အမည်မှန်မှာ ဒေါ်သိန်းရွှေ ၁၁/ကဖန(နိုင်)၀၀၂၇၅၉ဖြစ်ပါသည်။

ဒေါ်သိန်းရွှေ။

အများသိစေရန်ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဇဟိုလမ်း အမှတ် ၁၈၂နေ ဦးငွေတိုး ၁၂/စနခ(နိုင်)၀၂၁၃၄၂၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

အကြောင်းမှာ ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် မြကန်သာလမ်း မြေတိုင်းရပ်ကွက်အမှတ် ၇၆၊ လူနေရပ်ကွက်အမှတ် ၂၊ မြေကွက်အမှတ်–၄/က–၁၊ ဧရိယာ ၀ဒသမ ၁၃၃ဧကအကျယ်အဝန်းရှိ နှစ် ၆၀ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာချက်ပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်ခင်နွဲ့ရီ (၂၃၁၂၀) LL.B
အထက်တန်းရှေ့နေ
အမှတ် ၁၈၊ အောင်ဆန်းကွင်းအရှေ့ဘက်တန်း၊
အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း–၃၉၄၁၅၇၊၃၉၄၁၆၀။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်–၅၊ နည်းဥပဒေ– ၂၀)
ကော့ကရိတ်ခရိုင်တရားရုံး
၂၀၀၇ခုနှစ် တရားမကြီးမှုအမှတ်–၇

ဒေါ်သန်းသန်းဌေး အိမ်အမှတ် ၂/၁၁၄ အမှတ်(၂)ရပ်ကွက်၊ ၄၀ါလမ်း ဘုရားသုံးဆူမြို့၊ကရင်ပြည်နယ်။	**နှင့်**	၁။ ဒေါ်ဖွားရင်(ခ)ဒေါ်သက်သက် အမှတ် ၃၅၄၊ စံပယ်လမ်းသွယ်သစ် အဏ္ဏဝါရပ်၊ ကော့သောင်းမြို့။ ၂။ ဦးဆန်းဦး အမှတ်၂၉၄၊ ကံကော်လမ်း၊ အမှတ်(၃) ရပ်ကွက်၊ ဘုရားသုံးဆူမြို့၊ ကရင်ပြည်နယ်။
တရားလို		**တရားပြိုင်များ**

အမှတ် ၃၅၄၊ စံပယ်လမ်းသွယ်သစ်၊ အဏ္ဏဝါရပ်၊ ကော့သောင်းမြို့နေ ဒေါ်ဖွားရင်(ခ) ဒေါ်သက်သက် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်တို့အပေါ်၌ တရားလိုက သင်နှင့်တရားပြိုင်အမှတ်(၂)တို့အကြားပြုလုပ် ချုပ်ဆိုထားသော(၆–၆–၂၀၀၆)ရက်စွဲပါ အိမ်ခြံမြေ အရောင်းအဝယ်စာချုပ်ဖြစ်သော မှတ်ပုံတင်စာချုပ်အမှတ်(၁၈/ ၂၀၀၆)မှာ ဟန်ဆောင်စာချုပ်ဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် ယင်းစာချုပ်အား ပယ်ဖျက်ပေးစေလိုမှုတို့ဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၀၈ခုနှစ် ဖေဖော်ဝါရီ၂၉ ရက် (၁၃၆၉ခုနှစ် တပို့တွဲလပြည့်ကျော်၈ ရက်)နံနက် ၁၀နာရီအချိန်တွင် အထက်ကအမည် ရေးသားပါရှိသူ တရားလို၏ စွဲဆိုချက်ကိုထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းနှင့် သင်ကထုချေအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ် ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၈ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဦးအောင်သိန်း (ခရိုင်တရားသူကြီး)
ကော့ကရိတ်ခရိုင်တရားရုံး။

ရောင်းချမည့်အကြောင်း ကြော်ငြာစာတွင်ပါရှိရန် အကြောင်းအရာများကို စီစဉ်သတ်မှတ်ရန် ချိန်းဆိုသောနေ့ရက်အကြောင်း အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)
ကျောက်ဆည်ခရိုင်တရားမရုံးတော်၌
၂၀၀၇ ခုနှစ် ဇာရီမှုအမှတ်–၁၆
၂၀၀၆ ခုနှစ် တရားမကြီးမှုအမှတ်–၂၆၈

ဦးဗိုလ် ဈေးကွက်သစ်ရပ်၊ ပလိပ်မြို့ စဉ့်ကိုင်မြို့နယ်၊ ကျောက်ဆည်ခရိုင်။	**နှင့်**	၁။ ဦးသန်းဦး ၂။ ဒေါ်သီသီ ဈေးကွက်သစ်ရပ်၊ ပလိပ်မြို့၊ စဉ့်ကိုင်မြို့နယ်၊ ကျောက်ဆည်ခရိုင် (ယခုနေရပ်လိပ်စာမသိ)
ဒီကရီအနိုင်ရသူ		**တရားရှုံးများ**

၁။ ဦးသန်းဦး ၂။ ဒေါ်သီသီ (အတူနေလင်မယား) ဈေးကွက်သစ်ရပ်၊ ပလိပ်မြို့၊ စဉ့်ကိုင်မြို့နယ်၊ ကျောက်ဆည်ခရိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ကျောက်ဆည်ခရိုင်တရားရုံး၏ ဇာရီမှုအမှတ် ၁၆/၂၀၀၇တွင် တရားရှုံး(၁)ဦးသန်းဦး၊ (၂) ဒေါ်သီသီတို့ ပိုင်ဆိုင်သော စဉ့်ကိုင်မြို့နယ် ပလိပ်ကွင်းအမှတ်(၁၅–ဃ) ဈေးကွက်သစ်ရပ်၊ ဦးပိုင်အမှတ် (၁၂၄)၊ ဧရိယာ ၀ ဒသမ ၀၅၅ ရှိမြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ နံထောင်တစ်ထပ်၊ သွပ်မိုး (မျက်နှာကြက်မပါ)၊ သုံးခန်းXနှစ်ခန်း၊ ၂၄ပေX၁၆ပေ သွပ်မိုး တိုက်အိမ်တစ်လုံးကို အနိုင်ဒီကရီရသူ ဦးဗိုလ်က လေလံကြမ်းခင်းဈေး ကျပ်သိန်း ၃၀ (ကျပ်သိန်းသုံးဆယ်တိတိ)ဖြင့် ရောင်းချပေးရန် လျှောက်ထားသောကြောင့် သင်သိစေရန် အကြောင်းကြားလိုက်သည်မှာ ရောင်းချမည့်အကြောင်း ကြော်ငြာတွင်ပါရှိရန် အကြောင်းအရာများကို စီစဉ်သတ်မှတ်ရန် ၂၀၀၈ခုနှစ် ဖေဖော်ဝါရီ ၂၉ရက် မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ချိန်းဆိုပြီးဖြစ်သည်။

၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်လှမြင့်
ဒုတိယခရိုင်တရားသူကြီး(၂)၊ ကျောက်ဆည်ခရိုင်တရားရုံး။

ပြည်သူ့ဆန္ဒသဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

မြန်မာသတင်းအချက်အလက် နည်းပညာကော်ပိုရေးရှင်းလီမိတက် နှစ်ပတ်လည်စည်းဝေး ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်အားပေးချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မြန်မာသတင်းအချက်အလက် နည်းပညာကော်ပိုရေးရှင်းလီမိတက်၏ ၂၀၀၆–၂၀၀၇ခု ဘဏ္ဍာရေးနှစ် ဆဋ္ဌမအကြိမ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို ယနေ့ နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် တက္ကသိုလ်များနယ်မြေရှိ မြန်မာအင်ဖိုတက် (Myanmar Info-Tech) အစည်းအဝေးခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်အားပေးချီးမြှင့်သည်။

တက်ရောက်

အဆိုပါ နှစ်ပတ်လည်အစည်းအဝေးသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ အီလက်ထရွန်နစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သိန်းထွန်းနှင့် တာဝန်ရှိသူများ၊ ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များနှင့် အစုရှယ်ယာရှင်များ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၄ ●

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာသတင်းအချက်အလက် နည်းပညာကော်ပိုရေးရှင်းလီမိတက်၏ ၂၀၀၆–၂၀၀၇ခု ဘဏ္ဍာရေးနှစ် ဆဋ္ဌမအကြိမ် နှစ်ပတ်လည်အထွေထွေ အစည်းအဝေးသို့ တက်ရောက်အားပေးချီးမြှင့်စဉ်နှင့် အီလက်ထရွန်နစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့စာပေလောက အဆင့်အတန်းမြင့်မားလာစေရေးအထောက်အကူပြု တတိယအကြိမ် သုတစွယ်စုံစာပေဆု ချီးမြှင့်ပွဲ

သတင်းမြင်ကွင်း - မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံမှတ်တမ်း - သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးကြပ်ပြီး Swesone Media Group ၏သုတစွယ်စုံစာအုပ်တိုက်က ချီးမြှင့်သည့် တတိယအကြိမ် (၂၀၀၆ခုနှစ်အတွက်) သုတစွယ်စုံစာပေဆုချီးမြှင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ဟိုတယ်နီကိုး၌ ဖေဖော်ဝါရီ ၁၇ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ■

သတင်းအညွှန်း

❒ မည်သို့ပင် ရှောင်ပုန်းပါသော်လည်း

ချစ်စိုးနိုင်၏ နိုင်ငံတကာမှုခင်း စာ – ၅

❒ ဤသတင်းတွင် ဈေးသက်သာသော ဟူသော အဓိပ္ပာယ်ရှိသည်။ ခေါင်းစဉ်၌သာပါပြီး ပထမပိုဒ်တွင် ထည့်မထားသဖြင့် ယင်းအနှစ်သာရကို ပထမပိုဒ်၌ ထပ်ထည့်၍ ပြန်ဆိုပါသည်။

အမ်အမ်အေ၏ နိုင်ငံခြားသတင်း ဘာသာပြန်ဆိုရာတွင်… စာ – ၇

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး